# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၃၅၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မိတ္ထီလာစက်မှုဇုန်ရှိ သိန်းကမ္ဘာကျော် ကုလားပဲခွဲစက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

# အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း (MSME) များသည် နိုင်ငံအတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်သဖြင့် လိုအပ်သည့်ငွေကြေးများကို နိုင်ငံတော်မှ ထုတ်ချေးပေးသွားမည်

နေပြည်တော် စက်တင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ မန္တလေးတိုင်းဝန်ကြီးချုပ် ဦးမောင်ကို၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာစက်မှုဇုန်ရှိ စက်မှုဇုန်ခန်းမ၌ မိတ္ထီလာခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## ယနေ့ ဖတ်စရာ


နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂)တို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့တွေ့ဆုံဆွေးနွေး — ပြည်တွင်းသတင်း စာ - ၇

သက်ကြီးအမျိုးသမီးများရဲ့ စွမ်းပကား ဒို့များအလေးထား — ဆောင်းပါး စာ - ၁၆

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

မြန်မာ့အလင်း

# အခြေအနေ အချိန်အခါနှင့် ကိုက်ညီလျော်ကန်စေရာ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆက်စပ်ပြီး ရုပ်မြင်သံကြားထုတ်လုပ်ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီများနှင့် Content Provider များအနေဖြင့် ပြည်တွင်းရုပ်ရှင်ဇာတ်ကား/ဇာတ်လမ်းတွဲ၊ ပြည်ပရုပ်ရှင်ဇာတ်ကား / ဇာတ်လမ်းတွဲများအား ဗီဒီယိုဆင်ဆာ စိစစ်ခွင့်ပြုချက်ရယူပြီးမှ ပြသကြရတော့မည်ဖြစ်သည်။

အဆိုပါ ရုပ်မြင်သံကြားထုတ်လွှင့်သူများသည် ရုပ်ရှင်ဇာတ်ကားကြီးများနှင့် ဗီဒီယိုဇာတ်ကားကြီးများကို ဆင်ဆာခွင့်ပြုချက်ရရှိပြီးမှ ပြသလျက်ရှိကြသော်လည်း ပြည်တွင်းဇာတ်လမ်းတွဲများနှင့် နိုင်ငံခြားဇာတ်လမ်းတွဲများကို မြန်မာစာတန်းထိုးခြင်း၊ မြန်မာစကားပြောအသံထပ်၍ ပြသခြင်းတို့ကိုမူ ဆင်ဆာစိစစ်ရေးအဖွဲ့သို့ မတင်ဘဲ မိမိတို့ကိုယ်တိုင် စိစစ်တာဝန်ယူမှုဖြင့် ပြသလျက်ရှိရာ နိုင်ငံ၏ လက်ရှိအခြေအနေနှင့် မသင့်လျော်သည့် ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ဝင်ခန်းများနှင့် စကားပြောများ ပါဝင်နေခြင်းကြောင့် ယခုကဲ့သို့ ဆင်ဆာခွင့်ပြုချက်ရယူပြီးမှ ပြသရန် လိုအပ်လာခြင်းဖြစ်သည်။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည့် နိုင်ငံဖြစ်ပြီး နိုင်ငံသားများသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေးများကို ရယူကျင့်သုံးနိုင်ခွင့်တို့ ရှိကြသည်။ သို့ရာတွင် နိုင်ငံ၏ ပစ္စက္ခအခြေအနေမှာ အရေးပေါ်ကာလတစ်ရပ်ကို ဖြတ်သန်းနေရသည့် အခြေအနေဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်သည်။ မဲမသမာမှုကို အကြောင်းပြု၍ ယိမ်းယိုင်တိမ်းစောင်းခဲ့ရသည့် မိမိတို့နိုင်ငံ၏ ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည်ထိန်းသိမ်းတည့်မတ်ဆောင်ရွက်ရာတွင် နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ၊ အကြမ်းဖက် သတ်ဖြတ်ဖျက်ဆီးမှုများ၊ မိမိတို့နိုင်ငံ၏ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို ရည်ရွယ်ချက်ရှိရှိဖြင့် သေးနုပ်သိမ်ဖျင်းအောင် ကြံစည်ကြိုးပမ်းနေမှုများ၊ နိုင်ငံတော် အစိုးရနှင့် ပြည်သူအကြား၊ တပ်မတော်နှင့် ပြည်သူအကြား၊ ဘာသာ သာသနာတစ်ခုနှင့် တစ်ခုအကြား၊ နိုင်ငံသား၊ တိုင်းရင်းသား၊ ပြည်သူလူထုအချင်းချင်းအကြား မညီမညွတ်ဖြစ်အောင်၊ သွေးကွဲအောင်၊ အမုန်းပွားအောင်၊ သံသယများဖြစ်ပေါ်လာအောင် ဖန်တီးနေမှုများ စသည့်အနှောင့်အယှက်အဟန့်အတား စိန်ခေါ်မှုများကို မိမိတို့အားလုံး ရင်ဆိုင်နေကြရခြင်းဖြစ်သည်။

ရုပ်ရှင်၊ ရုပ်မြင်၊ သဘင်၊ ဂီတ စသည့်အနုပညာတို့မှာ သိမ်မွေ့သည့် တန်ခိုးသြဇာ (Soft Power) ကို ပိုင်ဆိုင်ထားကြပြီး ပြည်သူလူထုအပေါ် သြဇာသက်ရောက်မှုလည်း ရှိကြသည်။ ယင်းအချက်ကို ကောင်းစွာနားလည်သည့် နိုင်ငံရေးသမားအချို့က ရုပ်ရှင်၊ ရုပ်မြင်၊ သဘင်၊ ဂီတတို့ကို ၎င်းတို့အကျိုးအတွက် သုံးစွဲလေ့လည်း ရှိကြသည်။ တာဝန်သိသော ရုပ်ရှင်၊ ရုပ်မြင်၊ သဘင်၊ ဂီတတို့အနေဖြင့် နိုင်ငံ၏ လက်ရှိပကတိအခြေအနေတို့ကို မူတည်၍ နိုင်ငံ၏ ပြည်သူလူထု၏ ကောင်းရာကောင်းကျိုး ဖြစ်ထွန်းအောင် လမ်းကြောင်းမှန်ကို ဖော်ပြခေါ်ဆောင်နိုင်ရမည်ဖြစ်သည်။ မိမိတို့၏ Soft Power ကိုအသုံးပြု၍ နိုင်ငံအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူလူထုအကြား ချစ်ခင်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်ရေး၊ အတွေးအခေါ်များ မှန်ကန်ရေးနှင့် လူမှုပြုပြင်ရေးတို့ကို ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်သည်။

ပြည်တွင်း ရုပ်ရှင်ဇာတ်ကား၊ ဇာတ်လမ်းတွဲများနှင့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကား၊ ဇာတ်လမ်းတွဲများကို ထုတ်လွှင့်ပြသခြင်းမပြုမီ နိုင်ငံ၏ လက်ရှိအခြေအနေအရ မပြသင့်သည့် ဇာတ်လမ်း၊ ဇာတ်ဝင်ခန်း၊ စကားပြောများ စသည်တို့ကို ဆင်ဆာစနစ်ဖြင့် စိစစ်တည်းဖြတ်ခြင်းမှာ လုပ်သင့်လုပ်ထိုက်သည်ကို ပြုလုပ်ခြင်းသာဖြစ်သည်။ ပြည်တွင်းပြည်ပ ရုပ်ရှင်ဇာတ်ကားများနှင့် ဇာတ်လမ်းတွဲများ ထုတ်လွှင့်ပြသခြင်းဖြင့် ပြည်သူလူထုအတွင်း အပန်းဖြေရေးနှင့် အနုပညာရသ ခံစားနိုင်ရေး၊ ကောင်းကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းနိုင်ရေးတို့အတွက်သာ ဖြစ်သင့်ပြီး နိုင်ငံရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ စည်းလုံးညီညွတ်မှုတို့ကို ထိခိုက်ပျက်ပြားစေမည်ဆိုပါက စိစစ်ဖယ်ရှားသွားကြရမည်သာ ဖြစ်ပါကြောင်း။ ။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ပြည်ထောင်စုဝန်ကြီးဌာန / အဖွဲ့အစည်းများတွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အသုံးပြုနိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၈**

ကော်မရှင်အနေဖြင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း (၃၈) ခုတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ CPU များကို ဖွဲ့စည်းခြင်းဖြင့် ဝန်ထမ်းများအတွင်း အဂတိကင်းရှင်းစေရန်၊ ကြိုတင်ကာကွယ်မှုဖြစ်စေရန်နှင့် အသေးစား အဂတိလိုက်စားမှု (Petty Corruption) ကို ဟန်ချက်ညီညီ ထိရောက်စွာ တိုက်ဖျက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေက ပြောကြားသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ပြည်ထောင်စုဝန်ကြီးဌာန / အဖွဲ့အစည်းများတွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) အသုံးပြုနိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက CPU များ၏ လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများ၊ နည်းပညာဆိုင်ရာ သင်တန်းများကို ကော်မရှင်အနေဖြင့် ပံ့ပိုးကူညီ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ကော်မရှင်အနေဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အသုံးပြု၍ အသေးစား အဂတိလိုက်စားမှုများ လျှော့ချနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၂၀၂၂ ခုနှစ် ဩဂုတ်လအထိ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း (၂၁) ခုမှာ တိုးချဲ့အသုံးပြုနိုင်ခဲ့ကြောင်း။

သက်ဆိုင်ရာ ဌာနများအနေဖြင့် ပြည်သူလူထု၏ တုံ့ပြန်အကြံပြုချက်များအပေါ် ဖြေရှင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး ဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်များကိုလည်း တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ အလေ့အကျင့်ကောင်းများကို စဉ်ဆက်မပြတ်ထိန်းသိမ်းသွားခြင်းဖြင့် ဌာနဂုဏ်သိက္ခာအပြင် ဝန်ထမ်းတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုပါ မြှင့်တင်ပေးရာလည်း ရောက်ကြောင်း၊ ထပ်မံ၍ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း (၁၃) ခုမှ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း (PFP) အစီအစဉ်ကို ဆောင်ရွက်ရန် စိတ်ဝင်တစား ပူးပေါင်းပါဝင်ပေးခြင်းအတွက် ကော်မရှင်အနေဖြင့် အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် အသုံးပြုဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (PFP) အသုံးပြုနိုင်ရေးနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးခဲ့ကြပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များအတွက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း

(၂၀၂၂)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားသူများအနက် (၃၀-၉-၂၀၂၂)ရက်နေ့တွင် သားဖွားသင်တန်းကျောင်း၊ နေပြည်တော်၌ပြုလုပ်မည့် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများ စာရင်းနှင့် ခုံအမှတ်ကို ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website, ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website, ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာန Website, လျှောက်လွှာလက်ခံသော တက္ကသိုလ်(၂၆)ခုတို့တွင် ကြေညာထားပြီးဖြစ်ပါ၍ ကြေညာချက်ပါအချက်အလက်များကို သေချာစွာဖတ်ရှုပြီး ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ လာရောက်ဖြေဆိုရန် ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
(၂၈-၉-၂၀၂၂)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

မိုး/ဇလ

❍ *ရှေ့ဖုံးမှ*




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။**

## လိုအပ်ချက်များနှင့် အခက်အခဲများအား ဆွေးနွေးတင်ပြ

ဦးစွာ မိတ္ထီလာစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ဝါလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဖြစ်သူ ဦးဇော်ဦး၊ ဆီကုန်သည်ကြီးများအသင်း အတွင်းရေးမှူး ဦးကျော်မြင့်၊ ရက်ကန်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းထိုက်၊ ဆန်စပါးလုပ်ငန်းရှင် ဦးအောင်ဇင်မင်းထိုက်နှင့် တက်ရောက်လာကြသူတို့က စက်မှုဇုန်တွင် အရင်းအမြစ်ကောင်းများ ပြည့်စုံမှုနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ စက်မှုဇုန် နည်းဥပဒေအတည်ပြုပေးရန်လိုအပ်မှု၊ လျှပ်စစ်ဓာတ်အား လိုအပ်မှု၊ ဝါသီးနှံကိုအခြေခံသည့် စက်မှုလုပ်ငန်းများဆောင်ရွက်နေမှု၊ ဝါစိုက်ပျိုးတောင်သူများ ဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ ဝါမျိုးကောင်းမျိုးသန့်များရရှိရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန်၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်လျက်ရှိမှု၊ ဆီကောင်းဆီသန့်များ ရရှိအောင် ဆောင်ရွက်ရန်လိုအပ်မှု၊ နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ခွဲရောင်းချပေးသည့် စားသုံးဆီများကို ပြည်သူများထံ သက်သာသော ဈေးနှုန်းများဖြင့် ပြန်လည်ရောင်းချပေးလျက်ရှိမှု၊ ရက်ကန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆန်စက်လုပ်ငန်းတွင် အသုံးပြုသည့်ပစ္စည်းများ ဈေးနှုန်းများ မြင့်တက်မှုများကြောင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိမှုအခြေအနေများနှင့် စက်မှုဇုန်အတွင်း လိုအပ်ချက်များကို တင်ပြကြသည်။

## သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို တို့က မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် အဆင့်မီဝါမျိုးများ ရရှိရေးဆောင်ရွက်လျက်ရှိမှု၊ အရည်အသွေးပြည့်မီသည့် ဝါမျိုးစေ့များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ဝါစိုက်ပျိုးတောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆောင်ရွက်လျက်ရှိမှု၊ ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်မှ ဆီထုတ်လုပ်မှုတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ဆီလုပ်ငန်းရှင်များအတွက် ချေးငွေများထုတ်ပေးရန် ဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် သွင်းအားစုများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အစုအဖွဲ့များဖြင့် မွေးမြူမည်ဆိုပါက မတည်ရင်းနှီးပေးမည့် အခြေအနေများ၊ သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်း (MSME) များအတွက်လည်း ဆောင်ရွက်ပေး၍ရသည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ စက်မှုဇုန်ဥပဒေနှင့် ပတ်သက်၍ နည်းဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပြီး အတည်ပြုထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းသည် လက်မှုလုပ်ငန်းမှ ပြောင်းလဲသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်မှု၊ အများပြည်သူများ ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်နေမှု၊ စက်မှုဇုန်များမှ စွန့်ပစ်ပစ္စည်းများ စနစ်တကျ ရှိစေရေးအတွက် လိုအပ်သည့် နည်းပညာရပ်ပိုင်းဆိုင်ရာများကို ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ထို့နောက် လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာစက်မှုဇုန်သို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ပြီး စက်မှုနှင့် ပတ်သက်ပါက စက်မှုရပ်ကွက်နှင့် စက်မှုဇုန်ဟူ၍ရှိကြောင်း၊ စက်မှုရပ်ကွက်သည် စက်မှုလုပ်ငန်း ဆောင်ရွက်သည့်နေရာ၌ပင် လူများနေထိုင်နိုင်ရေး ဆောင်ရွက်ပေးထားခြင်းဖြစ်ပြီး စက်မှုဇုန်သည် လူနေထိုင်ရန်မဟုတ်ဘဲ စက်မှုလုပ်ငန်းများ သီးသန့် ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ထားပေးခြင်းဖြစ်ကြောင်း၊ စက်မှုဇုန်များအနေဖြင့် လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် အကောင်အထည်ဖော်ဆောင်နိုင်ရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံ၏ စီးပွားရေးတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများသည် အဓိကအရေးပါသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတကာတွင်လည်း MSME လုပ်ငန်းများသည် အဓိကအရေးပါသည့် နေရာ၌ ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို စတင်ယူခဲ့ရသည့်အချိန်တွင် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပဋိပက္ခများ၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဖိဖိစီးစီး ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း။

## ပြည်တွင်းချည်မျှင်နှင့်အထည်အလိပ် လိုအပ်ချက်ကို ပြည်တွင်းမှ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်

လက်ရှိအချိန်တွင် ပုံမှန်အနေအထားသို့ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ကိုဗစ် -၁၉ ရောဂါကိုလည်း အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီး ဖြစ်သောကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက် (MSME) လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မတည်ငွေများလွှဲအပ်ပေးခဲ့ကြောင်း၊ ကျန်ရှိသည့် ရန်ပုံငွေများမှလည်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများအတွက် မတည်ငွေများ လွှဲအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဝါစိုက်ပျိုးတောင်သူများအတွက်လည်း မတည်ငွေများ ထုတ်ပေးသွားရန် စီမံလျက်ရှိကြောင်း၊ ဝါစိုက်ပျိုးရန်အတွက် စိုက်ဧကများ အသစ်ထပ်မံတိုးချဲ့ခြင်းထက် ဝါစိုက်ပျိုးရန်မြေများတွင် အကြောင်းအမျိုးမျိုးဖြင့် အခြားသီးနှံများ စိုက်ပျိုးနေသည့် မြေများပေါ်တွင်သာ တိုးချဲ့စိုက်ပျိုးစေလိုကြောင်း၊ ယခင်က ဝါစိုက်ပျိုးခဲ့သော်လည်း ဝါစိုက်ပျိုးမှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခြင်းကြောင့် နိုင်ငံအတွက် လိုအပ်သည့် ဝါထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားသုံးစွဲငွေများ ပိုမိုကုန်ကျကြောင်း၊ အဝတ်အထည်သည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ပြီး လူတစ်ဦးအနေဖြင့် မွေးစမှ သေဆုံးသည့်အချိန်အထိ အဝတ်အထည်များ လိုအပ်ကြောင်း၊ ပြည်တွင်း၌ လိုအပ်သည့်အထည်များကို ပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံများမှလည်း ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တစ်ဖက်တစ်လမ်းမှ ထုတ်လုပ်ပေးလျက်ရှိကြောင်း။

## မျိုး၊ မြေ၊ ရေ၊ နည်း

ဝါစိုက်ပျိုးရန်အတွက် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများဖြစ်သည့် မြေဩဇာများနှင့် သဘာဝမြေဩဇာများလည်း လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း စနစ်တကျပြုပြင်၍ စိုက်ပျိုးရန်လိုပြီး စက်ကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုးနိုင်သည့် ကေကွက်များဖြင့် စိုက်ပျိုးရန်လိုကြောင်း၊ သို့မှသာ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်သဘာဝမြေဩဇာများ များစွာရှိကြောင်း၊ မိတ္ထီလာခရိုင်အတွင်း မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းလျက်ရှိပြီး နွားအကောင်ရေအနေဖြင့် လေးသိန်းကျော်ရှိသည်ဟု သိရှိရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက ဇီဝမြေဩဇာများ ရရှိမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*

- ❖ **ဝါစိုက်ပျိုးတောင်သူများအတွက်လည်း မတည်ငွေများထုတ်ပေးသွားရန် စီမံလျက်ရှိ၊ ဝါစိုက်ပျိုးရန်အတွက် စိုက်ဧကများ အသစ်ထပ်မံတိုးချဲ့ခြင်းထက် ဝါစိုက်ပျိုးရန်မြေများတွင် အကြောင်းအမျိုးမျိုးဖြင့် အခြားသီးနှံများ စိုက်ပျိုးနေသည့် မြေများပေါ်တွင်သာ တိုးချဲ့စိုက်ပျိုးစေလို၊ ယခင်က ဝါစိုက်ပျိုးခဲ့သော်လည်း ဝါစိုက်ပျိုးမှုကို ထိထိရောက်ရောက် ဆောင်ရွက် နိုင်ခဲ့ခြင်း မရှိခြင်းကြောင့် နိုင်ငံအတွက် လိုအပ်သည့် ဝါထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားသုံးစွဲငွေများ ပိုမိုကုန်ကျ**
- ❖ **အဝတ်အထည်သည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ပြီး လူတစ်ဦးအနေဖြင့် မွေးစမှ သေဆုံးသည့်အချိန်အထိ အဝတ်အထည်များလိုအပ်၊ ပြည်တွင်း၌ လိုအပ်သည့်အထည်များကို ပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်**

*စာမျက်နှာ ၃ မှ*

ထို့ပြင် သဘာဝမြေဩဇာများသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ အီးအမ်ဘိုကာရှီအပြင် ပိုက်ဆံလျှော်များစိုက်ပျိုး၍လည်း သဘာဝမြေဩဇာအဖြစ်အသုံးပြု၍ရကြောင်း၊ ဓာတ်မြေဩဇာများ ရရှိရေးအတွက်လည်း နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တောင်သူများအနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ သဘာဝမြေဩဇာ Bio Fertilizer များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေနှင့် အောင်ရေသည်လည်း လိုအပ်ကြောင်း၊ ရေရရှိရေးအတွက် နိုင်ငံတော်မှ တတ်နိုင်သမျှကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး ရေကို အကျိုးမဲ့အသုံးပြုခြင်းမဖြစ်စေလိုဘဲ အကျိုးရှိရှိအသုံးချရန်လိုကြောင်း၊ ထို့ပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နည်းစနစ်တကျ မွေးမြူဆောင်ရွက်မှသာလျှင် လုပ်ငန်းအောင်မြင်နိုင်မည်ဖြစ်ပြီး စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် ကုန်ကြမ်းပစ္စည်းများလည်း လုံလောက်စွာရရှိမည်ဖြစ်ကြောင်း။

### ဝါနှင့် အခြားဆီထွက်သီးနှံများ အထွက်နှုန်း တိုးတက်ခြင်းဖြင့် ဒေသတွင်း စက်မှုလုပ်ငန်းများလည်း တိုးတက်လာမည်

မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ဧကပေါင်း ၃၆၀၀၀ ကျော်ရှိပြီး ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါများကို စိုက်ပျိုးကြကြောင်း၊ မည်သည့်ဝါကိုစိုက်ပျိုးသည်ဖြစ်စေ ဝါအထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်း ကောင်းမွန်ရန်အတွက် မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ သွင်းအားစုများလုံလောက်စွာ ရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လိုကြောင်း၊ ဝါအထွက်နှုန်းများတိုးတက်လာမည်ဆိုပါက ဝါနှင့်ပတ်သက်သည့် စက်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်သဖြင့် မိတ္ထီလာခရိုင်အတွင်း ဝါအထွက်နှုန်းတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ အခြားဆီထွက်သီးနှံများကို စိုက်ကေတိုးချဲ့ခြင်းထက် တစ်ဧကချင်းအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဆိုပါက စီးပွားရေးလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် မိတ္ထီလာခရိုင်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသတွင်းစက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆန်၊ စပါး လုပ်ငန်း၊ ဆီထွက်သီးနှံကိုအခြေခံသည့် စက်မှုလုပ်ငန်း၊ ပဲကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုဆောင်ရွက်၍ ရကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

### ကုန်ထုတ်လုပ်မှုကို အခြေခံသည့် စက်မှုဇုန်တစ်ခု ဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မိမိတို့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခြင်းဖြစ်သဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ကြရန်လိုပြီး နိုင်ငံတော်မှတတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လိုအပ်ချက်များအရသာ အချို့သောစီးပွားရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ ချေးငွေများကို သက်သာသော အတိုးနှုန်းများဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များသည် နိုင်ငံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စက်မှုဇုန်မှထုတ်လုပ်သည့် ဆီထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

**❒ မိမိတို့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိ၊ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခြင်းဖြစ်သဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ကြရန်လိုပြီး နိုင်ငံတော်မှတတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်**

အတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်သဖြင့် လိုအပ်သည့်ငွေကြေးများကို နိုင်ငံတော်မှ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

မိတ္ထီလာခရိုင်သည် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများကို ဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်းဖြင့် အသေးစား၊အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME)များအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ရရှိမည်ဖြစ်ကြောင်း၊ မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့တင်ပို့၍ ရကြောင်း၊ စက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားလိုအပ်မှုနှင့် ပတ်သက်၍ မိတ္ထီလာဒေသတွင် သပြေဝနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းရှိကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်အသုံးပြုခြင်းဖြစ်သဖြင့် အကျိုးဖြစ်ထွန်းကြောင်း၊ မိတ္ထီလာစက်မှုဇုန်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ရရှိစေရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်မှလည်း လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း။

စက်မှုဇုန်အတွင်း ရေဆိုးမြောင်းများ စနစ်တကျရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ စက်မှုဇုန်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့်လည်း မိမိတို့နေရာအလိုက် ရေမြောင်းများ စနစ်တကျရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ စက်မှုလုပ်ငန်းမှ ထွက်ရှိလာသည့် ပစ္စည်းများအားလုံးသည် မိမိတို့အတွက် အကျိုးရှိသည့် စက်မှုထွက်ကုန်များဖြစ်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ချည်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အရည်အသွေးကောင်းမွန်သည့် ဝါများရရှိရန်နှင့် ရက်ကန်းစက်များ ကောင်းမွန်ရန်လိုကြောင်း၊ စက်မှုထွက်ကုန်ဝါကုန်ကြမ်းများကို အသုံးပြု၍ ချည်ထည်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း MSME များကို အားပေးကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် အလေးထားပြီး ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ စက်မှုဇုန်လုပ်ငန်းသည် မိမိဒေသတစ်ခုအတွက်သာကွက်၍ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကုန်ထုတ်လုပ်မှုကို အခြေခံ၍ နိုင်ငံ့စီးပွားရေးအထိ အမြင်ကျယ်ကျယ်ဖြင့် ရည်မှန်းဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကို အခြေခံသည့် စက်မှုဇုန်တစ်ခုဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စက်မှုဇုန်မှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများ၊ ဆီထွက်ပစ္စည်းများနှင့် အခြားထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုရာ လုပ်ငန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်အတွင်းလှည့်လည်၍ သိန်းကမ္ဘာကျော် ကုလားပဲခွဲစက်နှင့် စက်မှုလက်မှုလုပ်ငန်းသို့ ရောက်ရှိရာ လုပ်ငန်းရှင် ဦးမောင်မောင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ)၌ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဝင်းလွင်က ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးတင် ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ မန္တလေးတိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိ ကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ တပ်မတော်ချည်မျှင်နှင့် အထည် စက်ရုံ (မိတ္ထီလာ) သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား စက်ရုံ အစည်းအဝေးခန်းမ၌ စစ်လက်နက်ပစ္စည်း ညွှန်ကြား ရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဝင်းလွင်က ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန် ချက်များအား အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိမှု၊ စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံမှ ချည်အမျိုးမျိုး ထုတ်လုပ်နိုင်မှု အခြေအနေများ၊ ဝန်ထမ်းများ သက်သာ ချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဖြင့် ဆောင်ရွက်ပေးနေမှု၊ ၂/၈၀ ချည်များအား ပြည်တွင်း၌ ထွက်ရှိ သည့် ဝါများဖြင့် ထုတ်လုပ်နိုင် ရေး စမ်းသပ်ဆောင်ရွက်လျက်ရှိမှု နှင့် စက်စမ်းသပ်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြည်တွင်း၌ ထွက်ရှိ သည့် ဝါများဖြင့် အရည်အသွေးမြင့် ချည်ထည်နှင့် ပိတ်များ ထုတ်လုပ် နိုင်မည့် အခြေအနေများ၊ ၂/၈၀ ချည်များအား စက်ရုံမှ ထုတ်လုပ် နိုင်သည့်အချိန်တွင် ပြည်တွင်းရှိ အထည်အလိပ်နှင့် ပတ်သက်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၌ လိုအပ်လျက်ရှိသော ချည်မျှင်နှင့် အထည်အလိပ်များကို လိုအပ် ချက်ပြည့်မီအောင် ထုတ်လုပ် နိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ စက်ရုံ၌ လက်ရှိ တပ်ဆင် အသုံးပြုလျက်ရှိသည့် စက်များအား အရည်အသွေး မြှင့်တင်နိုင်မည့် အခြေအနေများ နှင့် ပတ်သက်၍ တာဝန်ရှိသူများ အား အသေးစိတ်မေးမြန်း ဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်သည် ခင်းကျင်းပြထားသော စက်ရုံမှ ထုတ်လုပ်ထားသည့် ယူနီဖောင်းပိတ်စများနှင့် ချည် ထည်များ၏ အရည်အသွေးများ အား ကြည့်ရှုစစ်ဆေးကာ စက်ရုံ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေ များ ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သနပ်ပင်ဒေသ လူမှုစီးပွားဘဝများ မြှင့်တင်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေး

**ပဲခူး စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူ များနှင့်အတူ ယနေ့နံနက်ပိုင်း တွင် သနပ်ပင်မြို့ မြို့လယ်လမ်းလွှဲ သစ်သားတံတား ရေတိုက်စားမှု ကြောင့် ပြိုကျပျက်စီးခဲ့မှုနှင့် ဇဗ္ဗူရစ်လမ်းဘေး အုတ်ရေမြောင်း တည်ဆောက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး မြို့လယ်လမ်းလွှဲ သစ်သားတံတားသည် ဒေသခံ ပြည်သူများအတွက် အရေးပါ သည့် စစ်တောင်းတူးမြောင်း ဖြတ်သန်းသည့် တံတားဖြစ်၍ အမြန်ဆုံး ပြန်လည်တည်ဆောက် နိုင်ရေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဖရဲကျေးရွာရှိ ဆင်းသုခမိုးစပါး မျိုးစေ့ထုတ် စိုက်ခင်း ၂၂ ဧက အောင်မြင်ဖြစ် ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ ဆန်စက်ကြီးများ၊ ကုမ္ပဏီများနှင့် ချိတ်ဆက်၍ တောင်သူအကျိုးပြု Contract Farming များ တွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးနှင့် သနပ်ပင် မြို့ရှောင်လမ်းနှင့် ဖရဲကျေးရွာ ချိတ်ဆက်သည့်လမ်းပိုင်း ပြန်လည် ချဲ့ပေးနိုင်ရေးနှင့် လမ်းပခုံးသား များ အမာခံရရှိရေး တွက်ချက် တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဖရဲကျေးရွာ အတွင်း ကျေးရွာလူထုစီမံကိန်း (Cash For Work) ဖြင့် ဆောင်ရွက် လျက်ရှိသော သောက်သုံးရေကန် ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကျေးရွာအတွင်း ငါးအဆီပေါင်း ခြောက် ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးတိုင်းဒေသ ကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှု ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓော စေတီတော်မြတ်ကြီး အနောက် ဘက်မုခ်၌ရွှေ့လျား စက်လှေကား ၈၀ ရာခိုင်နှုန်း တပ်ဆင်ပြီးစီး နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ် သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်သူများအား နေကြာမျိုးစေ့နှင့်ဓာတ်မြေဩဇာ ပေးအပ်

**ရွှေတောင် စက်တင်ဘာ ၂၈**

ရွှေတောင်မြို့နယ် ဘယ်လက်ကျေးရွာတွင် ၂၀၂၂- ၂၀၂၃ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲနှင့် ဆောင်းသီးနှံ ဆီထွက် နေကြာမျိုးစေ့၊ ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးပေးအပ်ခြင်း အခမ်း အနားကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးစန်းလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူတို့က တောင်သူများအား ဆောင်းသီးနှံ ဆီထွက်နေကြာ မျိုးစေ့၊ ယူရီးယားဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက ဘယ်လက်ကျေးရွာ တောင်သူ ဦးသန်းအောင်၏ လယ်မြေတွင် စိုက်ပျိုးထားသော ရတနာတိုး မျိုးစပါး တစ်ဧက စံကွက်ရိတ်သိမ်းပြပွဲကို ကြည့်ရှုအားပေးရာ တစ်ဧကအထွက်နှုန်း ၁၁၁ ဒသမ ၉၅ တင်း ထွက်ရှိကြောင်း သိရသည်။ **ကိုကိုမင်း( ပြန် / ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ တိုးချဲ့ငါးထပ်ဆောင်သစ် ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၈

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ တိုးချဲ့ငါးထပ်ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက တိုးချဲ့ငါးထပ်ဆောင်သစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဆိုပါဆေးရုံရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။ ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယနေ့ဖွင့်လှစ်သည့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင်သစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၁၁)က တာဝန်ယူတည်ဆောက်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ၁၀၀ ရာခိုင်နှုန်း လုပ်ငန်းပြီးစီးခဲ့ကာ စုစုပေါင်း လုပ်ငန်း တန်ဖိုးမှာ ငွေကျပ် ၉၁၈၀ ဒသမ ၄၃၉ သန်း ဖြစ်သည်။ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင်သစ် ဖွင့်လှစ်လိုက်ခြင်းဖြင့် မုံရွာဒေသခံ ပြည်သူများနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုပေးနိုင်ရုံသာမက မုံရွာမြို့ရှိ သူနာပြု/ သားဖွားသင်တန်းကျောင်းမှ သင်တန်းသူများ၊ ပြည်သူ့ဆေးရုံကြီး မုံရွာမြို့တွင် ဖွင့်လှစ်ထားရှိသည့် ဆေးဘက်ကျွမ်းကျင် ဓာတ်မှန်/ဆေးစပ် သင်တန်းသားများအတွက်လည်း သင်ကြားရေး လုပ်ငန်းများတွင် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်နေပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် လုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားဆောင်ရွက်လျက်ရှိရာ ကျန်းမာရေး အပိုင်းတွင်လည်း ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ တီဘီ၊ HIV၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေး စသည့် ကူးစက်ရောဂါများနှင့် မကူးစက်နိုင်သောရောဂါများ၊ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း၊ ပြည်သူ့ဆေးရုံများ၌ ကင်ဆာရောဂါကုသမှုများ အပါအဝင် ပုံမှန်ဆေးကုသရေး လုပ်ငန်းများ အင်အားဖြည့်ဆောင်ရွက်နိုင်ရေးအတွက်လုံလောက်သော ရန်ပုံငွေသုံးစွဲကာ ဆေးဝါးများ ဖြည့်ဆည်းခြင်း၊ စက်ကိရိယာများဖြည့်ဆည်းခြင်းတို့ကို အားဖြည့်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်သူ့ဆေးရုံများ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ဆေးရုံပေါင်း ၁၁၇၈ ရုံရှိသည့်အနက် ခုတင်(၅၀၀)ဆံ့ဆေးရုံကြီး ၁၃ ရုံတွင် ပြည်သူ့ဆေးရုံကြီး မုံရွာမြို့ ပါဝင်လျက်ရှိသည်။

ယခုတိုးချဲ့ငါးထပ်ဆောင်တွင် အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ရောဂါဗေဒဌာန၊ ဓာတ်မှန်ဌာန၊ ခွဲစိတ်ခန်းငါးခန်း၊ အထူးကြပ်မတ်ကုသဌာန၊ အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းကြည့်ဌာန၊ အရိုးအကြောအဆစ် ပြန်လည်သန်စွမ်းရေးဌာန၊ ဖျားနာဆောင်၊ ကင်ဆာဆေးပညာဌာန၊ ဓာတ်လှေကားနှစ်စင်းပါဝင်သည့် ခေတ်မီအဆောက်အဦ တစ်ခု ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မုံရွာမြို့ရှိ ဆေးရုံဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ၎င်းနောက် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ရေးပြပွဲနှင့် မျိုးစေ့၊ သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားအား တက်ရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နေကြာမျိုးစေ့များ၊ ပိုးသတ်ဆေးဘူးများ၊ Gypsum ကျောက်မှုန့်မြေသြဇာများနှင့် ရွက်ဖျန်းမြေသြဇာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နေ့လယ်ပိုင်းတွင် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူနေသော တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများက တက်ရောက်ကုသနေသော လူနာအခြေအနေများအား လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ တိုးချဲ့ငါးထပ်ဆောင်သစ်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တောင်သူများအား မျိုးစေ့များ ပေးအပ်စဉ်။

## ကျုံပျော်မြို့နယ် သင်တောကြီးကျေးရွာသို့ စစ်ကြောင်းကြီးငါးကြောင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**ကျုံပျော် စက်တင်ဘာ ၂၈**

ပြည်သူများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေအမှန်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းဆောင်ရွက်နေမှုများကို သိရှိစေရန်အတွက် စစ်ကြောင်းကြီးငါးကြောင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သင်တောကြီးကျေးအုပ်စု တောင်ဖီလာ ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အဆိုပါကျေးရွာရှိ အိမ်ထောင်စု ၁၂၀ ထံသို့ အခြေခံစားသောက်ကုန် သုံးမျိုးအား စျေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ပြီး ဆားနှင့် ဟင်းသီးဟင်းရွက်များ အခမဲ့ဖြန့်ဝေပေးကာ ကျန်းမာရေးဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးBooster များ ထိုးနှံပေးသည်။

ထို့နောက် ကျောင်းတိုက်ဓမ္မာရုံတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဟိန်းမောင်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး သိန်းစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပါဝင်သည့် စစ်ကြောင်းကြီးငါးကြောင်းတို့က ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံရေး အခြေအနေမှန်များ၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် မြေပြင်လူဦးရေ စာရင်းကိစ္စ၊ ယာဉ်/လမ်းစည်းကမ်း ဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကဏ္ဍအလိုက် ဆွေးနွေးကာ ပြည်သူများ၏ မေးမြန်းချက်အား သက်ဆိုင်ရာ ဌာနများက ပြန်လည်ရှင်းလင်း ဖြေကြားကြောင်း သိရသည်။

**လပြည့်ဦး(ပြန်/ဆက်)**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂)တို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် “ဝ”ပြည်သွေးစည်း ညီညွတ်ရေးပါတီ(UWSP) ဒုတိယ ဥက္ကဋ္ဌ ဦးလေ့ဃာကု၊ နိုင်ငံရေး ဌာနကြီးမှူး ဦးအိုက်နပ်လိုင်း၊ အမျိုးသားဒီမိုကရက်တစ် မဟာ မိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ အထွေထွေအတွင်း ရေးမှူး ဦးကြည်မြင့်၊ ရှမ်းပြည် တိုးတက်ရေးပါတီ(SSPP) ဒုတိယ ဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်၊ အတွင်းရေး မှူး(၂) စဝ်စိုင်းဆုတို့ တက်ရောက် ကြသည်။

ဒုတိယနေ့ ဆွေးနွေးပွဲတွင် နိုင်ငံရေးအရ နှစ်ဖက်သဘောထား များ ညှိနှိုင်းဆွေးနွေးနိုင်ရန် အတွက် NCA လက်မှတ်ရေးထိုး ထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် လျာထား သတ်မှတ်ထားသည့် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်း စဉ်များနှင့် အဆင့်လိုက် အကောင် အထည်ဖော်မှုများ (ဇယား-၂) အား ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ် ကြီး မင်းနောင်က တစ်ချက်ချင်း အလိုက် ရှင်းလင်းတင်ပြပြီး အဖွဲ့ အသီးသီး၏ သဘောထားများကို အပြန်အလှန် ရှင်းလင်းဆွေးနွေး ကြသည်။ ထို့နောက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈)ခုနှစ်အား ပြင်ဆင်လိုသည့် အချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ငြိမ်းချမ်း ရေးဆွေးနွေးရေးအဖွဲ့နှင့် SSPP အဖွဲ့တို့ တွေ့ဆုံဆွေးနွေးရာ တက်ရောက်လာကြသူများမှ မိမိ တို့၏ သဘောထားအမြင်များကို အပြန်အလှန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံ ဆွေးနွေးပွဲ ဒုတိယနေ့ကို ရပ်နား ခဲ့သည်။ တတိယနေ့ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ် ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၈**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီး ရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင် ကျောင်းများ၊ ဘာသာရေးကျောင်း များနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်း များ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ် သည့် ကျန်းမာရေးစစ်ဆေးကုသ ပေးခြင်းများကို ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းကိုင်မြို့ရှိ သမိုင်းဝင်ရွှေမြင်တင်စေတီတော် မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် ကျေးရွာရှိ အာယုဒီကပျိုးဥယျာဉ် စာသင်တိုက်၊ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် များမှ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ခုနစ် ကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ မင်္ဂလာဥယျာဉ် ပရိယတ္တိစာသင်တိုက်၊ ခန္တီးမြို့ ကချင်စုကျေးရွာရှိ ထေရဝါဒဗုဒ္ဓ သာသနာပြု ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ကျောက် ဆည်မြို့ရှိ ရေသရောက် ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ တံတားဦးမြို့နယ်ရှိ ကြေးနီကန် ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ မကွေးတိုင်းဒေသကြီး မင်းလှမြို့ ဥယျာဉ်ကျေးရွာရှိ သာသနဟိတ ကျောင်းတိုက်တို့မှ သံဃာတော် များနှင့် သာသနာ့နွယ်ဝင် သီလ ရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင် ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန် ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့ များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထဲရေးဝန်ကြီး ဌာန၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်း၊ အရာ ထမ်း၊ အမှုထမ်းမိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အတွင်းတို့ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်တိုက် များမှ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံ များ သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

# ကမ္ဘာလုံးဆိုင်ရာသတင်းအချက်အလက်သိပိုင်ခွင့် အပြည်ပြည်ဆိုင်ရာနေ့ ကြိုဆိုဂုဏ်ပြုသည့် Online ဆွေးနွေးပွဲသို့ MRTV မှ ဝန်ထမ်းများ တက်ရောက်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၈**

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၈ ရက် တွင် သတ်မှတ်ထားသည့် ကမ္ဘာ လုံးဆိုင်ရာ သတင်းအချက်အလက် သိပိုင်ခွင့် အပြည်ပြည်ဆိုင်ရာနေ့ ကို ဂုဏ်ပြုသောအားဖြင့် Online ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပရာ မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားမှ လက်တွေ့လုပ်ငန်း ဆောင်ရွက်နေ သူများနှင့် စိတ်ပါဝင်စားသည့် ဝန်ထမ်းများ တက်ရောက် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် သတင်း အချက်အလက် လက်လှမ်းမီမှုမှ တစ်ဆင့် ပြည်သူ့ဝန်ဆောင်မှု ပေးခြင်းဆိုင်ရာ အရည်အသွေး မြှင့်တင်ပေးခြင်း၊ ပြည်သူများ သတင်းအချက်အလက် ရယူပိုင် ခွင့်ရှိစေရန် သတင်းအချက် အလက် ထုတ်ဖော်မှုကို မြှင့်တင် ပေးခြင်း၊ ပြည်သူများ သတင်း အချက်အလက် သိရှိပိုင်ခွင့်အရ အများပြည်သူကို ပိုမိုတာဝန်ခံ နိုင်သော သတင်းအချက်အလက် များ ဖြည့်ဆည်းပေးခြင်း၊ အစိုးရ ၏ သတင်းအချက်အလက်များကို အားလုံးပါဝင်သည့် ဝန်ဆောင်မှု ပေးခြင်းပုံစံဖြင့် အများပြည်သူ၏ ယုံကြည်မှု တည်ဆောက်ခြင်း၊ သတင်းအချက်အလက် ဖြန့်ဖြူး ရေးအတွက် သတင်းအရည် အသွေး မြှင့်တင်ခြင်း၊ သတင်း အချက်အလက်များကို ပွင့်လင်း မြင်သာစွာဖြင့် နည်းပညာအသုံးပြု ဆောင်ရွက်ပေးခြင်း စသည့် အများပြည်သူအတွက် သတင်း အချက်အလက် သိရှိပိုင်ခွင့်ဆိုင်ရာ များအား ထိုင်းနိုင်ငံ၊ ဗီယက်နမ် နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ဆွေးနွေးမှုများနှင့်အတူ မြန်မာ နိုင်ငံမှ တက်ရောက်သူများက လည်း လုပ်ငန်းအတွေ့အကြုံများ ကို မျှဝေဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ညောင်ရွှေမြို့နယ် အား/ကာကော်မတီမှ အားကစားနှင့်ကာယပညာ ဦးစီးဌာနသို့ မြေဧက ၁၀ ဒသမ ၆၅၀ လွှဲပြောင်းပေးအပ်

**ညောင်ရွှေ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီမှ မြို့နယ်အားကစား နှင့် ကာယပညာဦးစီးဌာနသို့ မြေနေရာ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်အားကစား နှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကား ပြောကြားပြီး မြို့နယ်အားကစား နှင့် ကာယပညာကော်မတီ အဖွဲ့ဝင် ဦးငွေထွန်းက မြေနေရာ လွှဲပြောင်း ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့နယ်အားကစား နှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် အဖွဲ့ဝင် ဦးမောင်မောင်ရွှေတို့က မြေနေရာ နှင့် ပတ်သက်သည့် စာရွက် စာတမ်းများကို လွှဲပြောင်းပေးအပ် ရာ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးကျော်ကျော်သိန်းက လက်ခံရယူသည်။

အဆိုပါ မြို့နယ်အားကစား နှင့် ကာယပညာကော်မတီပိုင် ဧက ၁၀ ဒသမ ၆၅၀ မြေနေရာ သည် မြို့နယ်အတွင်း မျိုးဆက် သစ် လူငယ်အားကစားသမား များ ပေါ်ထွန်းလာစေရန်နှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက် လာစေရန် ရည်ရွယ်ချက်ဖြင့် လွှဲပြောင်း ပေးအပ်ခြင်းဖြစ် ကြောင်း သိရသည်။ **နေမျိုးသူရိန်**

# လျှပ်စစ်မီးရရှိရေးသည် အဓိကကျသဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာစေရန် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို တည်ငြိမ်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၈



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ယနေ့ နံနက်ပိုင်းတွင် မိုးထိ၊ မိုးမိ ဒေသသို့ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ပို့လွှတ်ဖြန့်ဖြူးပေး နိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ရမည်းသင်းခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေး နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့၊ ခရိုင်လျှပ်စစ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ ဦးအေးကျော်နှင့် တာဝန် ရှိသူများက မိုးထိ၊ မိုးမိဒေသတွင် ၂၀၁၈ ခုနှစ် နောက်ပိုင်းမှစ၍ စီမံကိန်းများ ရပ်ဆိုင်းထားရသဖြင့် ငွေတောင် ၃၃ ကေဗွီ (၁၅ အမ်ဗွီအေ)ခွဲရုံမှ ငါးတဲစု ၃၃ ကေဗွီ (၁၀ အမ်ဗွီအေ)ခွဲရုံသို့ သွယ်တန်းထားသော ၃၃ ကေဗွီ ဓာတ်အားလိုင်းကြိုးများ ပျက်စီးနေမှု၊ ငါးတဲစုခွဲရုံတွင် Transformer နှင့် Control Panel များ ပျက်စီးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပျက်စီးနေသော အစိတ် အပိုင်းများကို အသေးစိတ်စစ်ဆေး၍ ပြင်ဆင်ရန်၊ ကုန်ကျမှုအခြေအနေများကို အမြန်ဆုံးစိစစ်တင်ပြ ရန် လိုအပ်ကြောင်း၊ ငါးတဲစုခွဲရုံမှ စီမံကိန်းသို့ ဆွဲထား သော ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ထရန်စဖော် များ၏ အခြေအနေကိုလည်း အမြန်ဆုံးစစ်ဆေး ၍ ထပ်မံတင်ပြရန်လိုအပ်ကြောင်း၊ ပြန်လည် ပြုပြင်ရန် ကုန်ကျမည့်ရန်ပုံငွေကို သက်ဆိုင်ရာဌာန များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

## လုံခြုံရေးဂရုပြုဆောင်ရွက်

ယင်းနောက် ရမည်းသင်းမြို့နယ် လျှပ်စစ်အင်ဂျင် နီယာရုံး ဝန်ထမ်းများနှင့် တွေ့ဆုံရာ၌ လုပ်ငန်းများ ဆောင်ရွက်စဉ် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအား အထူးဂရုပြု ဆောင်ရွက်သွားရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေး သည် အဓိကကျသဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရန် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို တည်ငြိမ်ပြည့်ဝ စွာ ဖြန့်ဖြူးပေးနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေး၊ ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေး၊ လျှပ်စစ် ဓာတ်အားခ ကျသင့်ငွေများ အပြည့်အဝကောက်ခံရရှိ စေရေး အလေးထားဆောင်ရွက်သွားရန်နှင့် မီတာ ဖတ်ခြင်း၊ မီတာဘေလ်ဝေခြင်းနှင့် ဓာတ်အားခ ကောက်ခံခြင်းလုပ်ငန်းများကိုလည်း လုံခြုံရေး ပြည့်ပြည့်ဝဝဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်၊ ထို့အပြင် မိမိတို့ဝန်ကြီးဌာန သည် ပြည်သူကိုဝန်ဆောင်မှုပေးနေသော ဌာန ဖြစ်သည့်အလျောက် ပြည်သူလူထု၏ လျှပ်စစ် ဓာတ်အား လိုအပ်ချက်များအပေါ် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပြီး အကောင်းဆုံး ဝန်ဆောင်မှု ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင် အောင် စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက်သွားကြ ရန် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုးထိ၊ မိုးမိဒေသသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူး ပေးထားသော ၃၃ ကေဗွီဓာတ်အားလိုင်းတစ်လျှောက် နှင့် ငါးတဲစု ၃၃ ကေဗွီ (၁၀ အမ်ဗွီအေ)ခွဲရုံတို့၏ ပျက်စီးနေမှုနှင့် ပြန်လည်ပြုပြင်ပြင်ဆင်၍ ဓာတ်အား အမြန်ဆုံး ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက် ရမည့်အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ ကန်ချနဘူရီပြည်နယ်တွင် မော်တော်ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးခဲ့သည့် မြန်မာအလုပ်သမား ငါးဦးအတွက် ကျန်ရစ်သူမိသားစုထံ အာမခံကြေးပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၈**




ထိုင်းနိုင်ငံ ကန်ချနဘူရီပြည်နယ် တွင် မော်တော်ယာဉ်တိမ်းမှောက် မှုကြောင့် သေဆုံးခဲ့သည့် မြန်မာ အလုပ်သမား ငါးဦးအတွက် အာမခံကြေးများအား ကျန်ရစ်သူ မိသားစုများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကိုယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်း များနှင့်အညီ ကျင်းပခဲ့ပြီး အခမ်း အနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း က ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်က ထိုင်းနိုင်ငံ ဆိုင်ရိုခရိုင်နယ်စပ်မှ တရား မဝင် မြန်မာအလုပ်သမားများ တင်ဆောင်လာသည့် မော်တော် ယာဉ်သည် ကန်ချနဘူရီ ပြည်နယ် အတွင်း ဖြတ်သန်းစဉ် စစ်ဆေးရေး ဂိတ် တွေ့၍ လှည့်ပြန်မောင်းနှင် ထွက်ပြေးရာမှ တိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်တွင် ပါရှိသည့် အလုပ် သမား ၁၀ ဦးအနက် မောင်သက် နိုင်ဖြိုး၊ မောင်နိုင်ဝင်းစိုး၊ မောင်အောင်ရွှေဝင်း၊ မခင်မာနွယ် နှင့် မအိဖြူအောင်တို့ သေဆုံးခဲ့မှု အပေါ် မော်တော်ယာဉ် အာမခံ ထောက်ပံ့ကြေးငွေအား ကျန်ရစ် သူ မိသားစုများထံ ပေးအပ်ခြင်း ဖြစ်ပါကြောင်း။

အဆိုပါ အလုပ်သမား ငါးဦး သေဆုံးခဲ့မှုဖြစ်စဉ်နှင့် ပတ်သက် ပြီး အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေး ဦးစီး ဌာန၏ ကြီးကြပ်မှုအောက်ရှိ ထိုင်း နိုင်ငံ အလုပ်သမားအရာရှိရုံး မှ အလုပ်သမားသံအရာရှိက မော်တော်ယာဉ် အာမခံကုမ္ပဏီ ဖြစ်သည့် Dhipaya Insurance Public Co., Ltd နှင့် ချိတ်ဆက် ဆောင်ရွက်၍ မော်တော်ယာဉ် အာမခံကြေးရရှိနိုင်ရေး ဆောင် ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လိုအပ် သည့် အထောက်အထား၊ စာရွက် စာတမ်းများကို သက်ဆိုင်ရာ မြို့နယ် အလုပ်သမားညွှန်ကြား ရေးဦးစီးဌာန (မြို့နယ်ရုံး) များ၊ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့မှ သေဆုံးသူများ၏ မိသားစုဝင် များနှင့် ချိတ်ဆက်ဆောင်ရွက် ပေးခဲ့ပါကြောင်း၊ အလုပ်သမား ငါးဦး သေဆုံးမှုဖြစ်စဉ်နှင့်စပ်လျဉ်း ပြီး မော်တော်ယာဉ် တိမ်းမှောက် မှု ဖြစ်ပွားသည့်ယာဉ်မှာ Dhipaya Insurance Public Co., Ltd တွင် မော်တော်ယာဉ် အာမခံထားရှိ ခြင်းကြောင့် သေဆုံးသူများ အတွက်မော်တော်ယာဉ်အာမခံငွေ များ ရရှိအောင် ဆောင်ရွက်ပေး နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်မှုကြောင့် ဖမ်းဆီးခံရ မှုများ၊ မော်တော်ယာဉ် တိမ်းမှောက်ခဲ့မှုများ ဖြစ်ပွားခဲ့မှု ကြောင့် မြန်မာရွှေ့ပြောင်း အလုပ် သမား ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများရှိခဲ့ခြင်း၊ တရားမဝင် သွားရောက်ခြင်းကြောင့် လူကုန် ကူးခံရခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်း၊ ဥပဒေနှင့် အညီ ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝမရရှိခြင်းနှင့် အခြား သော လူ့အခွင့်အရေးဆိုင်ရာချိုးဖောက်မှုများ ဖြစ်ပေါ်နိုင်သည့်အပြင် အခက် အခဲမျိုးစုံ ကြုံတွေ့လာနိုင်သဖြင့် တရားမဝင် သွားရောက်ခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် ပြည်ပသို့ တရားဝင် သွားရောက်လုပ်ကိုင် ခြင်းဖြင့် ဥပဒေနှင့်အညီ အလုပ် သမားအခွင့်အရေး ကာကွယ် စောင့်ရှောက်မှုများ အပြည့်အဝရရှိ နိုင်ခြင်း၊ လူကုန်ကူးခံရမှု မဖြစ်ပွား နိုင်ခြင်း၊ ဆိုက်ရောက် နိုင်ငံများ၌ လွတ်လပ်စွာ သွားလာနိုင်ခြင်းနှင့် လုပ်ငန်းခွင်တွင် စိတ်ချလုံခြုံစွာ လုပ်ကိုင်နိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးက ကျန်ရစ်သူမိသားစုဝင် သုံးဦးနှင့် ဒုတိယဝန်ကြီးကကျန်ရစ် သူ မိသားစုဝင်နှစ်ဦးတို့၏ မိသားစု ဝင်များသို့ မော်တော်ယာဉ်အာမခံ ကြေးများအား ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် များ၊ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) မှ တာဝန်ရှိသူနှင့် သေဆုံး သူများ၏ မိသားစုဝင်များ တက် ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# မြို့သစ်မြို့၌ (၁၆)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်ရေးနေ့အထိမ်းအမှတ် ခွေးရူးရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံ

**မြို့သစ် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက (၁၆)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်ရေးနေ့အထိမ်းအမှတ် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းကို ယနေ့နံနက် ၁၀ နာရီ က စတင်ထိုးနှံပေးကြောင်း သိရသည်။

ထိုသို့ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းကို မြို့သစ် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အေးမြမြ ငြိမ်းချမ်း ဦးဆောင်၍ ဌာနဝန်ထမ်း(CAHW) တို့က မြို့ပေါ်နှင့် ကျေးရွာ ၁၀ ရွာရှိ (ခွေး၊ ကြောင်)အကောင်ရေ ၉၀ အား ခွေးရူးရောဂါကာကွယ် ဆေး အခမဲ့ထိုးနှံပေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **သန်းဝင်းထွန်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်အတွင်း ရွေးကောက်ပွဲမဲစာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေး





**နေပြည်တော် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်အတွင်း ရွေးကောက်ပွဲမဲစာရင်း မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ရာတွင် လိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ထပ်မံပေါင်းစပ်ကာ လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး ညှိနှိုင်းကူညီဆောင်ရွက်ပေးရန်နှင့် လိုအပ်ချက်များအပေါ် အကောင်းဆုံးအဖြေရှာ ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ နောက်ဆုံးလုပ်ငန်းစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မှန်ကန်သော မဲစာရင်းများပြုစုပြီး မဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးခြင်းဖြင့် လွတ်လပ်ပြီး တရားမျှတစစ်မှန်အောင်မြင်သော ရွေးကောက်ပွဲဖြစ်စေရေး အားလုံးကတက်ညီလက်ညီ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြောကြားခဲ့သည်။

ရှမ်းပြည်နယ်အတွင်း ရွေးကောက်ပွဲမဲစာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

## စီမံချက်များ ရေးဆွဲဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခင်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားကတ်ရရှိရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့ရာ မိုးပွင့်စီမံချက်ဖြင့် လူဦးရေ ၈ ဒသမ ၃ သန်းကျော်၊ သစ္စာစီမံချက်ဖြင့် ၆ ဒသမ ၄ သန်းကျော်ကို နိုင်ငံသားကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံးကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လတာကာလအတွင်း လူဦးရေ ၃ ဒသမ ၄ သန်းကျော်ကို ကိုင်ဆောင်ကတ်ပြားထုတ်ပေးရန် သတ်မှတ်ဆောင်ရွက်ခဲ့ရာ ယခုအခါ လူဦးရေ ၃ ဒသမ ၃ သန်းကျော်ကို ကိုင်ဆောင်ကတ်ပြားများ ထုတ်ပေးပြီးဖြစ်ပြီး လုံခြုံရေးအခြေအနေအရ မြို့နယ်အနည်းငယ်သာ ဆောင်ရွက်ပေးရန် ကျန်ရှိနေခြင်းဖြစ်ပါကြောင်း။

## မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးဆောင်ရွက်

ယခုထပ်မံ၍ အသက်ပြည့်လာမည့်သူများနှင့် မဲပေးပိုင်ခွင့်ရှိသူများ ကျန်ရှိနေခြင်းမရှိစေရေး ရည်ရွယ်၍ ကောက်သင်းကောက်စနစ်ဖြင့် နိုင်ငံသားကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဌာနမှ ယခုကဲ့သို့ ဆောင်ရွက်ပေးနေသကဲ့သို့ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက်လည်း သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက ရှမ်းပြည်နယ်အတွင်း ပန်းခင်းစီမံချက်အောင်မြင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသန်းစိုးနှင့် ဦးမြင့်ဦးတို့က ကော်မရှင်အနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက် နယ်မြေဒေသအလိုက် မြေပြင်တိုက်ဆိုင်စစ်ဆေးဆောင်ရွက်မှုနှင့် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေး

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် ဦးစီးမှူး ဦးအောင်မြင့်က ရှမ်းပြည်နယ်အတွင်း ပန်းခင်းစီမံချက် ဆောင်ရွက်မှုနှင့် မဲစာရင်းမှန်ကန်ရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည့်အစီအစဉ်များကို လည်းကောင်း၊ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးဇော်မြင့်ဝင်းက မြေပြင်လူဦးရေစာရင်း ကွင်းဆင်းကောက်ယူထားရှိမှုနှင့် မဲစာရင်းမှန်ကန်စွာ ပြုစုနိုင်ရေးအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဦးစီးဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ဒေသအလိုက် မဲစာရင်းမှန်ကန်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်တွင် ပထမဆုံးအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ ဆက်လက်ခွဲစိတ်ကုသ



**နေပြည်တော် စက်တင်ဘာ ၂၈**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်တွင် ပထမဆုံး အကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုးကုသမှုတွင် ဒေါ်ခင်သူဇာမျိုးနှင့် အသည်းအလှူရှင်ဖြစ်သည့် ဒေါ်ကေသီမြင့်တို့ကို ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို ယနေ့နံနက် ၈ နာရီတွင် စတင်ခဲ့ပြီး စုစုပေါင်း ခွဲစိတ်ချိန် ၁၂ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး ယခုအချိန်တွင် အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့သို့ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်နှင့် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်း(မြန်မာ)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ယခင်ပထမနေ့က ခွဲစိတ်ထားသော အသည်းအလှူရှင်လူနာနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူသည့် လူနာနှစ်ဦး၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိပြီး ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက လိုအပ်သည့် ကြပ်မတ်ကုသမှုများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**အင်္ဂပူ စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် အင်းလုပ်ငန်းရှင်များ၊ ငါးမွေးကန် လုပ်ငန်းရှင်များ ပူးပေါင်း၍ အင်္ဂပူမြို့နယ်အတွင်းရှိပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ယနေ့နံနက်ပိုင်းက အင်္ဂပူမြို့ အမှတ်(၁) ရပ်ကွက် မြို့မဈေး၌ ငါးမြစ်ချင်း ၄၀ ကျပ်သားလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ပိဿာချိန် ၄၀ ကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့သည်။

အဆိုပါ ရောင်းချပေးနေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မော်မော်ဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**



ငါးလုပ်ငန်းဦးစီးဌာနမှ ငါးများကို ပြည်သူများအား ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၈

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရှမ်းကုန်းကျေးရွာနေ ကြူကြူဇော(ခ) ကြူကြူသည် ၎င်းအသုံးပြုသည့် “Kyu Kyu” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ကုန်သေတ္တာ စစ်ဆေးရေးစခန်းများ၌ တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်သွင်းလာသော လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၁၅၈၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ FDA ထောက်ခံချက် သက်တမ်းကုန်ဆုံးနေသော အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၈၃၆၆၅)ကို လည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသုံးဆီများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၃၈၃၆၆၀) ကို လည်းကောင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ) ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဖိနပ် ၁၀၈၀၀ စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၄၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၉၆၆၈၉၀၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိသည့် ကုန်ပစ္စည်းများကို တွေ့ရစဉ်။

ယင်းအပြင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၀ ဒသမ ၉၈၃၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၇၁၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မုံရွာမြို့နယ် ကျွဲရဲ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ Toyota Mark II အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ထားဝယ်မြို့ ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်(ရေ) ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပုသိမ်မြို့နယ် မကျီးစင်ရွာ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်လှေနှစ်စီးပေါ်၌ တရားမဝင် ကျွန်းသစ်ခွဲသား ၄၀ ဒသမ ၃၈၄၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၅၃၉၆၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်ထိုမြို့နယ် ရန်ကုန်-မော်လမြိုင်ကားလမ်း၊ မိုင်တိုင်အမှတ် (၉၄ / ၁) အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားမဝင် ပျဉ်းကတိုးခွဲသားဆိုဒ်စုံ ၀ ဒသမ ၄၁၅၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၅၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် စက်တင်ဘာ ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၁၀ ဒသမ ၆၇၇၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၄၂၂၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၅၃၆၃၁၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၆ အသင်းတွင် မြန်မာ ဘောလုံး အကယ်ဒမီများမှ ကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကစားသမားများ ပါဝင်နေသည်။ မြန်မာ ယူ-၁၆ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်မည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် မေလကတည်းက စတင်ပြင်ဆင်ခဲ့ပြီး ဩဂုတ်တွင် ၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီးနောက် ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲအဖြစ် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ထို့ပြင် မြန်မာ ယူ-၁၆ အသင်းသည် ကစားသမားများ ပြိုင်ပွဲ အတွေ့အကြုံရစေရန် Young Boys အသင်းအမည်ဖြင့် MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၆ အမျိုးသားအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးတင်မြင့်အောင်၊ နည်းပြချုပ်အဖြစ် ဦးအောင်ဇော်မျိုး၊ လက်ထောက်နည်းပြများအဖြစ် ဦးပေါ်ထွန်းကျော်နှင့် ဦးရောမောင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးကျော်သူ၊ အားကစားသမားများအဖြစ် **ဂိုးသမား**-ဆလိုင်းအံ့ဘွယ်မောင်၊ စိုင်းသီဟနိုင် (မန္တလေးအကယ်ဒမီ)၊ ကောင်းကင်ကြယ် (ရန်ကုန်အကယ်ဒမီ)၊ **နောက်တန်း**-လင်းထက်ဦး၊ သူရဇော်၊ နေလင်းထက်(မန္တလေးအကယ်ဒမီ)၊ သက်နိုင်ဦး၊ မြတ်ဘုန်းခန့် (ပုသိမ် အကယ်ဒမီ)၊ နေလင်းထွန်း (အားကာသိပ္ပံ လှိုင်ကော်)၊ **အလယ်တန်း**-ကောင်းခန့်ဇော်၊ ကောင်းထက်၊ နေမင်းထက်၊ ဟန်ထွန်းဇော် (မန္တလေး အကယ်ဒမီ)၊ မျိုးထက်ဦး၊ ခွန်းချိုထူး၊ ဝေလျှံရှိုင်း(ပုသိမ်အကယ်ဒမီ)၊ မျိုးမင်းခန့် (ရန်ကုန်)၊ အောင်ကောင်းမြတ်(မန္တလေး)၊ အောင်ဇော်မျိုး (ကရင်)၊ **ရှေ့တန်း**-ပြည့်စုံအောင် (ပုသိမ်အကယ်ဒမီ)၊ ရှိုင်းဝဏ္ဏအောင်၊ ထူးဝေယံ (မန္တလေးအကယ်ဒမီ)၊ စောမျိုးဇော်(ကရင်) တို့ လိုက်ပါသွားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**


(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်မျိုးဝင်း ဦးစီး၍ နမ့်စန်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ နမ့်စန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ နမ့်စန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စက်တင်ဘာ ၂၅ ရက်က အမှတ်(၈/၁၀၀) တပ်မတော်ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်းစဉ်။ သူရအောင်(ပြန်/ဆက်)

## နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ)များကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများမရှိစေရေး ပန်းခင်းစီမံချက်ဖြင့်ဆောင်ရွက်ပေးလျက်ရှိ

မိဘပြည်သူများအနေဖြင့် အောက်ဖော်ပြပါနိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ ၆၆/၆(အထစ)နှင့်ပတ်သက်၍ အခက်အခဲများအား သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်-

၁။ **နိုင်ငံသားစိစစ်ရေးကတ်**

(က) နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

(ခ) အသက်(၁၀)နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသောသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြုလုပ်ခြင်း၊ ပန်းခင်းစီမံချက်များဖြင့် ပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

(ဂ) အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသော အသက်အပိုင်းအခြားအတိုင်း ပြန်လည်လဲလှယ်ရန် လိုအပ်ပါသည်။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲမှုရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။

(င) နိုင်ငံသားစိစစ်ရေးကတ်(၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်း မပြုရ၊ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

(စ) အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား (အမတ)ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်သို့ ပြောင်းလဲရမည်။ (ပြောင်းလဲခွင့်ရှိသူများသာ)။

(ဆ) မိမိနိုင်ငံသားစိစစ်ရေးကတ်အား အခြားသူတစ်ဦးမှ ကိုင်ဆောင်ထားသည်ဟု သံသယရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်သတင်းပို့ရမည်။

၂။ **ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်း(အထစ)**

(က) ပုံစံ ၆၆/၆ (အထစ) ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

(ခ) ပုံစံ ၆၆/၆ (အထစ)တွင် ပါဝင်သော အိမ်ထောင်စုဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်ရရှိပါက နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား မြို့နယ်လဝကရုံးများတွင် မဖြစ်မနေဖြည့်သွင်းရမည်။

(ဂ) ပုံစံ ၆၆/၆ (အထစ)အချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲနေပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။ (ဥပမာ- နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အမည်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည်)။

(ဃ) ပုံစံ ၆၆/၆ (အထစ) (၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)။ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ)အပိုများ အပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

(င) ပုံစံ ၆၆/၆ (အထစ)အချက်အလက်များ (ပြောင်းဝင်/ပြောင်းထွက်/မွေးဖွား/ သေဆုံးခြင်း)၊ ပြောင်းလဲမှုရှိသည့်အခါတိုင်း သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်၍ နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်။

(စ) မည်သည့်အရပ်ဒေသတွင်မှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ) မရှိသေးသူများသည် နီးစပ်ရာ မြို့နယ်လဝကရုံးများသို့ သတင်းပို့၍ ပန်းခင်းစီမံချက်အရ စိစစ်ဆောင်ရွက်ပေးမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြု ကတ်တစ်မျိုးမျိုး ကိုင်ဆောင်သူ (၅၂) သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပြည်သူလူထုလုံခြုံရေးအတွက် ဖုန်း SIM Card များ မှတ်ပုံတင်ခြင်းကို ပြန်လည်စစ်ဆေးမည်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ စိစစ်ချက်များအရ SIM Card အသုံးပြုသူအချို့သည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် စသည့်အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိဘဲ အသုံးပြုလျက်ရှိနေကြသည်ကို တွေ့ရှိနေရပါသည်။

၂။ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ ထို့ကြောင့် SIM Card မှတ်ပုံတင်ပြုလုပ်ရာတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးသွားမည်ဖြစ်သည့်အတွက် သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ မှတ်ပုံတင် (မူရင်း)ဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို မှန်ကန်စွာဖြည့်စွက်၍ စနစ်တကျမှတ်ပုံတင်နိုင်ပြီးမှသာ အသုံးပြုကြရန် လိုအပ်ပါသည်။ လက်ရှိအသုံးပြုနေသည့် SIM Card များတွင် အချက်အလက်များအား မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါ SIM Card များကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ပိတ်သိမ်း SIM Card များရှိ လက်ကျန်ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြပါသည်။

၃။ ဆက်သွယ်ရေးအော်ပရေတာများနှင့် SIM Card ရောင်းချသူများအနေဖြင့်လည်း SIM Card များ ရောင်းချရာတွင်လည်းကောင်း၊ အချက်အလက်များ မှန်ကန်စွာ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ရာတွင်လည်းကောင်း ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် မိမိတို့၏ SIM Card အသုံးပြုသူများထံသို့ SMS ပေးပို့၍ သတိပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်၍ မှတ်ပုံတင်ဝယ်ယူသုံးစွဲကြပါရန်နှင့် လက်ရှိ အသုံးပြုလျက်ရှိသော SIM Card များကိုလည်း အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ထားခြင်း ရှိ/မရှိ ပြန်လည်စစ်ဆေး၍၊ မမှန်ကန်ပါက မိမိတို့ အမှန်တကယ် သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များ၊ Mobile Shop များတွင်လည်းကောင်း အချက်အလက်မှန်ကန်စွာဖြင့် ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ ပြန်လည်ပြင်ဆင် မှတ်ပုံတင်၍ သုံးစွဲကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## တရားမဝင်ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများမရှိစေရေး မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းအပါအဝင် အခြားလုပ်ငန်းများအား အဆင့်မြှင့်တင်နိုင်ရန်အတွက် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်နိုင်ရန်လိုအပ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံ၍ စွမ်းရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ နည်းပညာများ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

သို့ရာတွင် မသမာသူများမှ အချက်အလက်များ မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိဘဲ မိုဘိုင်းငွေပေးချေမှုအချို့အားအသုံးချ၍ မသမာသည့် နည်းလမ်းဖြင့် တရားမဝင် ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ငွေကြေးလိမ်လည်မှုများကြောင့် အများပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များအား မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းထားမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများ ဆောင်ရွက်ရာတွင်လည်း ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရောနစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (Electronic – Know Your Customer (e-KYC)) လုပ်ငန်းစဉ်အား နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆင်းမ်ကတ်နံပါတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းဒေတာဘေ့စ်(SIM Registration Database)များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အသုံးပြုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (KYC) အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်သွားရန် လိုအပ်ပါသည်။ အချက်အလက်ဖြည့်သွင်းခြင်းအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများအား အပြီးတိုင် ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့် ရရှိထားသောဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့်စနစ်ဝန်ဆောင်မှုလုပ်ငန်း စသည့်မိုဘိုင်းငွေပေးချေမှု အသုံးပြုသူများအနေဖြင့် နီးစပ်ရာ ကိုယ်စားလှယ် (Agent) များ/ ဘဏ်များသို့ သွားရောက်၍ မိမိတို့၏ ကိုယ်ရေးအချက်အလက်များအား အဆင့် ၂ (Level 2)အဆင့်သို့ ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။ မိုဘိုင်းငွေကြေးဝန်ဆောင်မှုပေးသူများအနေဖြင့် KYC အား Level 1 မှ Level 2 သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက် သုံးစွဲသူများထံသို့ SMS ပေးပို့ခြင်းအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆင့် ၂ (Level 2) သို့ တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေးစာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့လက်ကျန်ငွေများအား အသုံးပြုနိုင်မည့် နည်းလမ်းများကို ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ပြည်တွင်းစက်သုံးဆီဖူလုံစေရေးအတွက် စက်သုံးဆီများ ပုံမှန်တင်သွင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရေးအတွက် စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့်စက်သုံးဆီအမျိုးအစားအလိုက် ပုံမှန်စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါဆိပ်ကမ်းရှိ Terminal တွင် MT Synergy သင်္ဘောမှ ဆီချလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အဆိုပါ သင်္ဘောတွင် ဓာတ်ဆီ 92 Ron ၂ ဒသမ ၄၅ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၆ ဒသမ ၁၄ ဂါလန်သန်းပါရှိ၍ စက်သုံးဆီလက်ကျန်အခြေအနေအရ စက်သုံးဆီဖူလုံမှုရှိကြောင်း သိရသည်။

ယခု ရက်သတ္တပတ်အတွင်း စက်သုံးဆီ ဈေးနှုန်းများ တဖြည်းဖြည်း ကျဆင်းလာသော်လည်း ကမ္ဘာ့စက်သုံးဆီဈေးနှုန်း (MOPS) အနည်းငယ် မြင့်တက်လာမှုကြောင့် ယနေ့တွင် စက်သုံးဆီ ဈေးနှုန်းအနည်းငယ်ပြန်လည်မြင့်တက်လာခဲ့သည်။

ပြည်တွင်း၌ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်လျက်ရှိသော်လည်း စက်သုံးဆီဖြန့်ဖြူးမှုတွင် သက်ဆိုင်ရာ စက်သုံးဆီ အရောင်းဆိုင်များသို့ ပို့ဆောင်ဖြန့်ဖြူးပေးသည့် ဆီတင်ယာဉ်အချို့ကို နှောင့်ယှက်တားဆီးမှုများကြုံတွေ့နေရသည်။ စက်တင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့ သီလဝါမှ ကလေးဝမြို့ရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ စက်သုံးဆီပို့ဆောင်မည့် ဆီတင်ယာဉ် လေးစီးအား အကြမ်းဖက်အဖွဲ့အစည်းများက တိုက်ခိုက်နှောင့်ယှက်ခဲ့သည့်အတွက် သက်ဆိုင်ရာ စက်သုံးဆီအရောင်းဆိုင်များသို့စက်သုံးဆီပို့ဆောင်နိုင်ခြင်းမရှိဘဲ ဆီသယ်ယာဉ်များရပ်တန့်လျက်ရှိကြောင်း သိရှိရသည်။

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နယ်စပ်မှတစ်ဆင့် မြန်မာ့ဆန်ဝယ်လိုအားရှိလာသည့် ဘင်္ဂလားဒေ့ရှ်

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် စဉ်ဆက်မပြတ် တင်ပို့လျက်ရှိသည်။ လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်သို့ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ကွမ်းသီး၊ အုန်းသီးခြောက်၊ ချင်း(အစို)၊ ဆီးဖတ်၊ မန်ကျည်းဖတ်၊ မန်ကျည်းစေ့၊ နနွင်းတက်၊ စစ်တုံဥ၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ ဆီးသီးခြောက်၊ တညင်းသီးတို့ကို နယ်စပ်မှတစ်ဆင့် တင်ပို့ခဲ့သည်။

၎င်းကုန်ပစ္စည်းများအပြင် ယခုနှစ်၊ စက်တင်ဘာလအတွင်း မြန်မာ့အဓိက ပို့ကုန်ဖြစ်သည့် ဧည့်မထဆန်ဖြူ (၅% ဆန်ကွဲ) ကို ဘင်္ဂလားဒေ့ရှ်ဘက်မှ ဝယ်လိုအားရှိလာခဲ့ပြီး တန်ချိန်စုစုပေါင်း ၉၅၀ ကို တစ်တန်လျှင် ၃၉၅ ဒေါ်လာဖြင့် စစ်တွေ၊ ရွှေမင်းဂံ ဆိပ်ကမ်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တင်သွင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းလေကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးဆိပ်ကမ်း ပြန်လည်ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ပြန်လည်ဖြစ်ပွားခဲ့ခြင်းကြောင့် ယခုနှစ် မတ် ၃၁ ရက်မှစ၍ ယာယီရပ်ဆိုင်းထားခဲ့သည့် ယူနန်ပြည်နယ် စစ်ဆောင်ပန ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ မုန်လခရိုင် အနောက်တောင်ပိုင်း လန်ချန်းမြစ်ကမ်းရှိ ကွမ်းလေ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးဆိပ်ကမ်းကို စက်တင်ဘာ ၁၅ ရက်မှစ၍ ပြန်လည် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း ယူနန်ပြည်နယ် စစ်ဆောင်ပနပြည်နယ်ခွဲ ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံးမှ သိရသည်။

အဆိုပါ ဆိပ်ကမ်းသည် အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အချက်အချာနေရာနှင့် အရှေ့တောင်အာရှနိုင်ငံများ မဲခေါင်မြစ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝင်ရောက်သော အဓိကဆိပ်ကမ်းတစ်ခုဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယာယီရပ်ဆိုင်းခဲ့ရသည့်အတွက် လန်ချန်း-မဲခေါင် မြစ်ဝှမ်းတစ်လျှောက်နိုင်ငံများ၏ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကိုများစွာ ထိခိုက်ခဲ့ရသည်။ ယခုအခါ လန်ချန်း-မဲခေါင်မြစ်ကြောင်းလမ်း၏ အားသာချက်ကို ထိထိရောက်ရောက် ပြန်လည် အသုံးပြုရန်နှင့် မြစ်ဝှမ်းတစ်လျှောက်ရှိ နိုင်ငံများ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန် ရည်ရွယ်၍ တရုတ်နိုင်ငံဘက်မှ ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## အာဆီယံဒေသတွင်းရှိ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအတွက် ဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် လမ်းညွှန်စာအုပ်ကို ဝက်ဘ်ဆိုက်များတွင် လွှင့်တင်ထားရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

ARISE+IPR သည် Annual Work Plan-4 ၏ Activity 12 အရ အာဆီယံဒေသတွင်းရှိ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအတွက် ဒေသတွင်းမူပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် လမ်းညွှန်စာအုပ် (Guidebook on Regional Intellectual Property Management for SMEs in ASEAN) ကို ပြုစုရေးသားခဲ့ပြီး အာဆီယံနိုင်ငံအသီးသီး၏ ဘာသာစကားများဖြင့် ဘာသာပြန်ဆိုနိုင်ရေးကိုလည်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စာအုပ်ကို http://internationalipcooperation.eu Website ၏ ARISE+IPR ကဏ္ဍမှ Publications၊ Promotional Material ခေါင်းစဉ်အောက်နှင့် မူပိုင်ခွင့်ဦးစီးဌာန၏ Website ဖြစ်သော www.ipd.gov.mm တို့တွင် လွှင့်တင်ထားရှိပြီးဖြစ်သည့်အတွက် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

### ၂၈.၉.၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ သားငါး၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | စက်သုံးဆီ(တစ်လီတာ) | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | Octane 95 | Octane 92 | ဒီဇယ် (ရိုးရိုး) | အဆင့်မြင့်ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၆၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၅၈၀၀ | ၅၀၀၀ | ၃၅၀၀ | ၁၈၀၀ | ၁၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၃၁၀ | ၂၂၃၅ | ၂၆၉၀ | ၂၇၇၅ | ၂၇၅၀၀၀၀ | |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၃၀၀၀ | ၅၂၀၀ | ၃၈၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၂၆၅ | ၂၁၉၀ | ၂၆၂၅ | ၂၇၁၀ | ၂၇၁၀၀၀၀ | |
| ၃ | ကျိုင်းတုံ | ၂၂၀၀ | | ၁၃၀၀၀ | ၉၃၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀၀ | | ၂၅၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၃၀၃၀ | ၂၉၄၀ | ၃၆၂၀ | ၃၆၅၅ | ၂၇၀၀၀၀၀ | |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၄၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၂၆၅ | ၂၁၉၀ | ၂၆၂၅ | ၂၇၁၀ | ၂၆၉၃၀၀၀ | |
| ၅ | လွိုင်ကော် | ၂၇၀၀ | ၂၃၀၀ | ၁၄၅၀၀ | ၉၇၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၅၀၀၀ | | ၄၃၀၀ | ၂၀၀၀ | ၈၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၂၇၀ | ၂၁၉၅ | ၂၆၂၅ | ၂၇၁၀ | ၂၇၅၀၀၀၀ | |
| ၆ | ဘားအံ | ၁၇၀၀ | | ၁၅၀၀၀ | ၇၈၀၀ | ၁၇၈၀၀ | ၃၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၈၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၇၀၀ | ၂၈၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၂၂၀ | ၂၁၄၅ | ၂၅၈၀ | ၂၆၆၅ | ၂၆၄၅၀၀၀ | |
| ၇ | မော်လမြိုင် | ၁၉၀၀ | | ၁၃၅၀၀ | ၈၀၀၀ | ၂၄၀၀၀ | ၃၃၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၇၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၂၃၅ | ၂၁၅၅ | ၂၅၉၀ | ၂၆၇၅ | ၂၆၅၀၀၀၀ | |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၄၀၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၄၇၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၈၀၀ | ၆၀၀ | ၆၄၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၂၅၀ | ၂၁၇၅ | ၂၆၁၀ | ၂၆၉၅ | ၂၇၂၀၀၀၀ | |
| ၉ | မြိတ် | ၂၃၀၀ | | ၁၆၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၃၇၀၀ | ၄၇၀၀ | ၅၇၀၀ | ၅၀၀၀ | ၁၈၀၀ | ၈၀၀ | ၇၀၀၀ | ၄၉၀၀ | ၄၆၀၀ | ၃၂၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၃၀၅ | ၂၂၃၀ | ၂၆၆၅ | ၂၇၅၀ | ၂၇၂၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၆၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၃၈၀၀ | ၆၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၁၈၅ | ၂၁၁၀ | ၂၅၄၀ | ၂၆၂၅ | ၁၉၁၉၀၀၀ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၇၆၀၀ | ၂၀၀၀၀ | ၃၂၀၀ | ၅၀၀၀ | ၄၇၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၂၁၅ | ၂၁၄၀ | ၂၅၇၅ | ၂၆၆၀ | ၂၇၅၀၀၀၀ | |
| ၁၂ | စစ်တွေ | ၂၀၀၀ | ၁၉၀၀ | ၁၄၀၀၀ | ၁၁၀၀၀ | ၂၀၀၀၀ | ၄၄၀၀ | ၅၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၅၀၀ | ၂၉၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၃၂၅ | ၂၂၅၀ | ၂၆၈၅ | ၂၇၇၀ | ၂၇၀၀၀၀၀ | |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၃၉၀၀ | ၃၈၅၀ | ၃၉၀၀ | ၃၉၅၀ | ၂၇၇၀၀၀၀ | |
| ၁၄ | မုံရွာ | ၂၇၀၀ | | ၁၁၀၀၀ | ၇၈၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၃၈၀၀ | ၅၈၀၀ | ၅၃၀၀ | ၁၅၀၀ | ၈၀၀ | ၅၄၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၇၀၀၀ | ၂၂၃၅ | ၂၁၆၀ | ၂၆၀၅ | ၂၆၉၀ | ၂၆၅၂၀၀၀ | |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၄၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၆၀၀ | ၈၀၀၀ | ၄၈၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၂၃၀ | ၂၁၅၅ | ၂၅၉၀ | ၂၆၇၅ | ၂၆၃၀၀၀၀ | ၃၀၃၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၆၀၀ | ၅၀၀ | ၇၃၀၀ | ၅၆၀၀ | ၄၅၀၀ | ၂၂၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၂၃၀ | ၂၁၅၅ | ၂၅၈၅ | ၂၆၇၀ | ၂၇၅၀၀၀၀ | |
| ၁၇ | မကွေး | ၂၆၀၀ | | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၆၀၀ | ၄၅၀၀ | ၅၄၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၀၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၄၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၂၃၀ | ၂၁၅၅ | ၂၅၈၅ | ၂၆၇၀ | ၂၆၈၀၀၀၀ | |
| ၁၈ | ပြည် | ၁၈၀၀ | | ၁၃၀၀၀ | ၇၇၀၀ | ၂၅၀၀၀ | ၃၆၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၂၂၁ | ၂၁၄၆ | ၂၅၈၁ | ၂၆၇၀ | ၂၆၈၀၀၀၀ | |
| ၁၉ | ပဲခူး | ၁၉၀၀ | | ၁၃၅၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၄၅၀၀ | ၅၀၀၀ | | ၁၆၀၀ | ၆၀၀ | ၆၈၀၀ | ၅၀၀၀ | ၅၂၀၀ | ၂၇၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၁၉၀ | ၂၁၁၅ | ၂၅၅၀ | ၂၆၃၅ | ၂၇၀၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၃၅၀၀ | ၇၁၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၆၂၀၀ | ၄၅၀၀ | ၄၀၀၀ | ၂၂၀၀ | ၂၇၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၂၂၃၀ | ၂၁၅၀ | ၂၅၈၅ | ၂၆၇၀ | ၂၇၀၀၀၀၀ | |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၃၅၀၀ | ၇၂၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၁၆၀၀ | ၅၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၄၀၀ | ၂၇၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၈၅၀၀ | ၂၂၃၀ | ၂၁၅၀ | ၂၅၈၅ | ၂၆၇၀ | ၂၇၀၀၀၀၀ | |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၃၀၀၀ | ၉၅၀၀ | | ၄၅၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၈၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၇၆၅ | ၂၇၄၅ | ၃၄၃၅ | ၃၄၄၅ | ၂၉၀၀၀၀၀ | |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မန္တလေးတွင် ကျပ် ၅၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် တောင်ကြီးတွင် ကျပ် ၃၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မကွေးနှင့် ပြည်တွင် ကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် စစ်တွေတွင် ကျပ် ၅၀၀၊ နနွင်းတက်နှင့် ဆား တစ်ပိဿာလျှင် တောင်ကြီးတွင် ကျပ်၂၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် မကွေးတွင် ကျပ် ၅၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီ တစ်ပိဿာလျှင် မော်လမြိုင်နှင့် မကွေးတွင် ကျပ် ၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် မော်လမြိုင်တွင် ကျပ် ၂၀၀၀၊ ပုသိမ်တွင် ကျပ် ၁၀၀၀၊ မုံရွာနှင့် ပြည်တွင် ကျပ် ၂၀၀၊ မန္တလေးတွင် ကျပ် ၄၀၀၊ ပဲခူးတွင် ကျပ် ၃၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ထားဝယ်တွင် ကျပ် ၁၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မော်လမြိုင်တွင် ကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မကွေးတွင် ကျပ် ၅၀၀၊ နနွင်းတက်နှင့် မြေပဲဆန် တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၁၀၀၊ ချင်း တစ်ပိဿာလျှင် မကွေးတွင် ကျပ် ၃၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် မကွေးတွင် ကျပ် ၂၀၀၊ အာလူး တစ်ပိဿာလျှင် မကွေးတွင် ကျပ် ၄၀၀ ဈေးကျခဲ့ပါသည်။

(၃) ရန်ကုန်မြို့၏ ဒေါ်လာဈေးသည် ဗဟိုဘဏ်၏ ငွေလဲလှယ်နှုန်းကို ကောက်ယူပေးပို့ထားခြင်းဖြစ်ပြီး မန္တလေးမြို့၏ ဒေါ်လာဈေးသည် ပြင်ပဈေးကွက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းအား ကောက်ယူပေးပို့ထားခြင်း ဖြစ်ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ဂျပန်ကိုယ်ပိုင်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့နှင့် ဂျာမနီလေတပ်တို့ ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်

**တိုကျို စက်တင်ဘာ ၂၈**

ဂျပန်ကိုယ်ပိုင်လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ (အေအက်စ်ဒီအက်ဖ်) နှင့် ဂျာမနီလေတပ်တို့သည် ပထမဆုံးအကြိမ်အဖြစ် ဂျပန်နိုင်ငံတွင် ပူးတွဲစစ်ရေး လေ့ကျင့်မှုပြုလုပ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

### ဂျပန်တိုက်လေယာဉ်သုံးစင်းနှင့် ဂျာမန်တိုက်လေယာဉ်သုံးစင်းပါဝင်

ဂျပန် အက်ဖ်-၂ တိုက်လေယာဉ်သုံးစင်းနှင့် ဂျာမန်ယူရို တိုက်လေယာဉ်သုံးစင်းတို့ စက်တင်ဘာ ၂၈ ရက်က စစ်ရေးလေ့ကျင့်မှု၌ ပါဝင်ခဲ့ကြောင်းနှင့် စစ်ရေးလေ့ကျင့်မှုပြီးနောက် တိုကျိုအနီး အီဘာရာကိစီရင်စုရှိ ဟာကုရီ လေတပ်အခြေစိုက်စခန်းကို ရောက်ရှိလာခဲ့ကြောင်း သိရသည်။

စစ်ရေးလေ့ကျင့်မှုတွင် ဆက်သွယ်ရေးနှင့် နည်းဗျူဟာကျွမ်းကျင်မှုများ တိုးတက်စေရန် ဖွဲ့စည်းလေ့ကျင့်မှုပါဝင်ကြောင်း အေအက်စ်ဒီအက်ဖ်က ပြောသည်။ ဂျာမနီသည် အင်ဒို-ပစိဖိတ်ဒေသ၌ ပါဝင်ပတ်သက်မှုကို မြှင့်တင်သွားမည်ဟု ၂၀၂၀ ပြည့်နှစ်က သံတမန်ရေးရာနှင့် အမျိုးသားလုံခြုံရေး လမ်းညွှန်ချက်တွင် ပြောကြားထားသည်။

### ဂျာမနီဖရီးဂိတ်သင်္ဘောတစ်စင်း ဂျပန်ဆိပ်ကမ်းတစ်ခုသို့ ရောက်ရှိလာ

ယင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဂျာမနီလေတပ်သည် ဩစတြေးလျတွင် ကျင်းပခဲ့သော ဘက်စုံစစ်ရေး လေ့ကျင့်မှုတွင် စက်တင်ဘာလအစောပိုင်းအထိ ပါဝင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ဂျာမနီရေတပ်ဖရီးဂိတ် သင်္ဘောတစ်စင်းသည် နှစ် ၂၀ ခန့်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြီးခဲ့သည့် နိုဝင်ဘာလတွင် ဂျပန်ဆိပ်ကမ်းတစ်ခုသို့



ဂျပန်ကိုယ်ပိုင်လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့မှ တိုက်လေယာဉ်များကို တွေ့ရစဉ်။

ရောက်ရှိလာခဲ့ပြီး ဂျပန်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ ပါဝင်ခဲ့သည်ဟုဆိုသည်။

ထိုကဲ့သို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုမှတစ်ဆင့် ဂျာမနီစစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း အေအက်စ်ဒီအက်ဖ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**




# ဂျီ-၂၀ လယ်ယာစိုက်ပျိုးရေးဝန်ကြီးများ စားနပ်ရိက္ခာဖူလုံရေးဆွေးနွေး

**ဘာလီ စက်တင်ဘာ ၂၈**

ဂျီ-၂၀ စက်မှုထိပ်သီးနိုင်ငံမှ လယ်ယာ စိုက်ပျိုးရေးဝန်ကြီးများသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် တွေ့ဆုံခဲ့ပြီး စိန်ခေါ်မှုများနှင့် အလေးထားစရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးများက စားနပ်ရိက္ခာဖူလုံမှုသည် လူသားအားလုံးနှင့်သက်ဆိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးများသည် စားနပ်ရိက္ခာ တင်ပို့မှုကန့်သတ်ချက်မှန်သမျှကို ဆန့်ကျင်သွားရန် သဘောတူခဲ့ပြီး စားနပ်ရိက္ခာဖူလုံမှုကို တိုးတက်စေရန် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ဆန်းသစ်တီထွင်မှုကို မြှင့်တင်ရန် သဘောတူခဲ့ကြသည်။

ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးများအကြား တချို့ကိစ္စရပ်များတွင် အမြင်မတူမှုများရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၃၃ ဦး ထပ်မံသေဆုံး

**မနီလာ စက်တင်ဘာ ၂၈**

ဖိလစ်ပိုင်နိုင်ငံ၌ စက်တင်ဘာ ၂၈ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအသစ် ၁၅၀၀ ရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၉၄၃၁၅၃ ဦးရှိကြောင်း ကျန်းမာရေးဌာနက ဖော်ပြခဲ့သည်။

ကျန်းမာရေးဌာနက လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၇၅၅၃ ဦး ကျဆင်းခဲ့ကြောင်း ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် နောက်ထပ် ၃၃ ဦး သေဆုံးမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူပေါင်း ၆၂၈၈၂ ဦးအထိ ရှိလာခဲ့သည်။



မြို့တော်မနီလာ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအသစ် ၆၇၁ ဦးရှိမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၃ သန်းကျော်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဇန်နဝါရီ ၁၅ ရက်တစ်ရက်တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၉၀၀၄ ဦးရှိခဲ့ကြောင်း မှတ်တမ်းတင်ဖော်ပြခဲ့သည်။ လူဦးရေ သန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူ ၇၃ သန်း ရှိသည်။

**ဆင်ဟွာ**

# တာတိုပစ်ပဲ့ထိန်းဒုံးကျည်နှစ်စင်း မြောက်ကိုရီးယား ထပ်မံပစ်လွှတ်

**ဆိုးလ် စက်တင်ဘာ ၂၈**

မြောက်ကိုရီးယား နိုင်ငံသည် တာတိုပစ် ပဲ့ထိန်းဒုံးကျည် နှစ်စင်းကို နိုင်ငံအရှေ့ပိုင်း ကမ်းလွန်ပင်လယ်ပြင်သို့ ပစ်လွှတ်လိုက်ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ် (ဂျေစီအက်စ်) က စက်တင်ဘာ ၂၈ ရက်တွင် ပြောသည်။

ပြုံယမ်းရှိ ဆူနန်ဒေသမှ နိုင်ငံအရှေ့ပိုင်း ကမ်းလွန်ပင်လယ်ပြင်သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀ မိနစ်နှင့် ၆ နာရီ မိနစ် ၂၀ ကြားတွင် မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်လိုက်သော တာတိုပစ် ပဲ့ထိန်း ဒုံးကျည်နှစ်စင်းကို ထောက်လှမ်း တွေ့ရှိခဲ့ကြောင်း ဂျေစီအက်စ်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



မြောက်ကိုရီးယားနိုင်ငံသည် စက်တင်ဘာ ၂၅ ရက်က နိုင်ငံအရှေ့ပိုင်း ပင်လယ်ပြင်သို့ တာတိုပစ် ပဲ့ထိန်းဒုံးကျည်တစ်စင်း ပစ်လွှတ်ပြီးနောက် သုံးရက်အကြာတွင် အဆိုပါ ဒုံးကျည်နှစ်စင်းပစ်လွှတ်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံ၏ ယခုအကြိမ် ဒုံးကျည်ပစ်လွှတ်မှုသည် ယခုနှစ်တွင် အကြိမ် (၂၀) မြောက် ပစ်လွှတ်မှုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံ ချောင်ချွန်း၌ မီးလောင်မှုဖြစ်ပွား ၁၇ ဦး သေဆုံး

**ချောင်ချွန်း စက်တင်ဘာ ၂၈**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျိလင်းပြည်နယ်၏ မြို့တော် ချောင်ချွန်းရှိ စားသောက်ဆိုင်တစ်ဆိုင်၌ မီးလောင်မှုဖြစ်ပွားရာ ၁၇ ဦး သေဆုံးပြီး အခြားသုံးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း စက်တင်ဘာ ၂၈ ရက်တွင် ဒေသအာဏာပိုင်များက ပြောသည်။

ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့သည် ချောင်ချွန်းရှိ နည်းပညာမြင့်စက်မှု ဖွံ့ဖြိုးတိုးတက်ရေးဇုန်၌ စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိပြီးနောက် ကူညီကယ်ဆယ်မှု ပြုလုပ်ရန် အခင်းဖြစ်ပွားရာသို့ အလျင်အမြန် သွားရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ညနေ ၃ နာရီတွင် အခင်းဖြစ်ပွားရာ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အဆုံးသတ်ခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများသည် နယ်မြေခံဆေးရုံတစ်ရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကြောင်းနှင့် အခင်းဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၀ | ၂၁၄၀ | ၂၁၃၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၇၅ | ၂၃၉၅ | ၂၈၉၀ |
| 95 Ron | ၂၁၆၅ | ၂၂၁၀ | ၂၂၁၀ | ၂၁၇၅ | ၂၂၁၀ | ၂၂၃၀ | ၂၂၂၀ | ၂၁၉၅ | ၂၂၉၀ | ၂၃၀၅ | ၂၂၀၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၇၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၅၂၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၅ | ၂၆၇၀ | ၂၆၆၅ | ၂၅၆၀ | ၂၅၇၅ | ၂၆၀၅ | ၂၆၀၅ | ၂၆၁၀ | ၂၈၂၅ | ၃၅၆၀ |
| HSD (50 ppm) | ၂၆၁၀ | ၂၆၅၅ | ၂၆၅၅ | ၂၆၁၅ | ၂၆၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၆၄၀ | ၂၇၅၅ | ၂၇၅၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၉၅ | ၂၉၁၀ | ၃၅၉၀ |
| HSD (10 ppm) | ၂၆၁၀ | ၂၆၅၅ | ၂၆၅၅ | ၂၆၁၅ | ၂၆၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၆၄၀ | ၂၇၅၅ | ၂၇၅၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၉၅ | ၂၉၁၀ | ၃၅၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၀ | ၂၀၆၄ |
| 95 Ron | ၂၀၆၁ | ၂၁၃၆ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၉၃ |
| HSD (50 ppm) | ၂၄၉၃ | ၂၅၇၂ |
| HSD (10 ppm) | ၂၄၉၃ | ၂၅၇၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်

**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်၍ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများမှ စက်တင်ဘာ ၂၈ ရက်က လမ်းသွားလမ်းလာ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံထွန်းအောင် ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေး ဦးစီးဌာန မောင်တောခရိုင်ရုံးမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေး အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြို့မနာရီစင်ခွဆုံ၌ လမ်းသွားလမ်းလာပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များအား လက်ကိုင်အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ကာ နှာခေါင်းစည်းအခုရေ ၁၅၀၀ အား ဖြန့်ဝေပေးခဲ့ကြပြီး အသိပညာပေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပြတ် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်စိန်**
**သက်လွင်စိုး (ပြန်/ဆက်)**

---

**ပုဗ္ဗသီရိ**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်စေရန် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ ကြီးကြပ်၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် စက်တင်ဘာ ၂၇ ရက်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် လက်လုပ်တောင် စေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများနှင့် ဈေးသည်များအား နှာခေါင်းစည်းကမ်ပိန်း ပြုလုပ်ခဲ့သည်။

ထိုသို့ပြုလုပ်ရာတွင် ဒေသခံခရီးသွားများနှင့် ဈေးရောင်းဈေးဝယ် ပြည်သူများအား ပါးစပ်နှင့် နှာခေါင်းစည်းအခုရေ ၁၅၀၀ ကို အခမဲ့ဖြန့်ဝေပေးခြင်း လုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံ

**ရွှေသောင်ယံ**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အမှတ်(၂)ရပ်ကွက် အသောကာရာမဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ စက်တင်ဘာ ၂၈ ရက်က သံဃာတော်များနှင့် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်ဆောင်းကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံရာသို့ ရွှေသောင်ယံမြို့ စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်ကာ ရွှေသောင်ယံမြို့ သဘော့ကန်ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များမှ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရွှေသောင်ယံ(ပြန်/ဆက်)**

**နောင်ချို**

ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံပြီးစီး၍ခြောက်လပြည့်ပြီးသော ဝန်ထမ်းများနှင့်အတူနေ မိသားစုဝင်များ၊ ဒေသခံပြည်သူများအား စတုတ္ထအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၈ ရက်က ပြည်သူ့ဆေးရုံ၌ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

နောင်ချိုမြို့နယ်အတွင်းရှိ ဝန်ထမ်းများနှင့်အတူနေ မိသားစုဝင်များ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်စေရန်အတွက် စတုတ္ထအကြိမ် ထပ်ဆောင်းကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိကြောင်း၊ အလားတူ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ထိုးနှံခြင်းမရှိသေးသည့် အသက် ၁၈ နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများကိုလည်း သတ်မှတ်ထားသည့် ဆေးထိုးစုရပ်များအလိုက် ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူရန် ကျန်ရှိနေသည့် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။ **ထွေးငယ်(ပြန်/ဆက်)**

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၁ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ နှစ်ဦးရှိ

**(၂၈–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂,၀၁၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၁၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၄၃,၇၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၂,၄၂၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၇,၆၇၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၂) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၅၇) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၇–၉–၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၅၅၉,၃၀၇) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၆၁၂,၃၈၉) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၇–၉–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၅၅၉,၃၀၇ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၁၂,၃၈၉ |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၂၆–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည် ရောဂါအခံ တစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏**
**ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
|  |  |  |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါ အခံ တစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၁၆၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၁၅၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၀၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၄၉၈၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၈၉၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၂၄၉၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်နှင့် မြင်းခြံမြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း (Mask) ၇ ဒသမ ၄၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ သတင်းစဉ်

**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုဆောင်းပါး

# သက်ကြီးအမျိုးသမီးများရဲ့စွမ်းပကား ဒို့များအလေးထား

ကိုကွေး (ဘူမိဗေဒ)

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဆောင်ပုဒ်အဖြစ် "သက်ကြီးအမျိုးသမီးများရဲ့ စွမ်းပကား ဒို့များအလေးထား" (The Resilience and Contributions of Older Women) ဆိုသည့် ဆောင်ပုဒ်ကို သတ်မှတ်ပေးထားပါသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် လက်ရှိတည်ရှိလျက်ရှိသော မညီမျှမှုများနှင့်အတူ လွန်ခဲ့သော သုံးနှစ်အတွင်း အရှိန်အဟုန်နှင့် ကမ္ဘာ့လူသားများ၏ ရှင်သန်ရပ်တည်မှုကို ထိုးနှက်တိုက်ခိုက်လျက်ရှိပါသည်။ သက်ကြီးရွယ်အိုများ အထူးသဖြင့် သက်ကြီးအမျိုးသမီးများ၏ ဘဝနေထိုင်မှုဆိုင်ရာအကျိုးသက်ရောက်မှုနှင့် တိုက်ရိုက်ဆက်နွှယ်လျက်ရှိသည့် လူမှုစီးပွားရေးဆိုင်ရာများ(Socio Economic)၊ သဘာဝပတ်ဝန်းကျင် (Environmental)၊ ကျန်းမာရေး (Health)နှင့် ရာသီဥတုပြောင်းလဲမှု(Climate Change) ကိစ္စရပ်များတွင် ပိုမိုဆိုးရွားစွာ ထိခိုက်ခဲ့ပါသည်။

သက်ကြီးအမျိုးသမီးများသည် နိုင်ငံရေး၊ မြို့ပြအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဓလေ့ဆိုင်ရာနေထိုင်မှုတို့၌ အဓိပ္ပာယ်ပြည့်ဝစွာ စဉ်ဆက်မပြတ်ပါဝင်နေခြင်း၊ ၎င်းတို့၏ အတွေ့အကြုံများဖြင့် အထောက်အကူပြုခဲ့ခြင်းများ ဆောင်ရွက်နေသော်လည်း ကျား/မ တန်းတူညီမျှမှုမရှိသော ခွဲခြားခြင်းများကြောင့် အသိအမှတ်ပြုခြင်းမခံရဘဲ လျစ်လျူရှုခံနေရဆဲဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်မှုနှင့် ကျား/မရေးရာ အခြေခံသော ခွဲခြားဆက်ဆံမှုများ၊ သက်ကြီးရွယ်အိုများကို ဝိုင်းပယ်ထား၍ ခွဲခြားဆက်ဆံသည့်မူဝါဒ (Ageism) များကြောင့် နေ့စဉ်လူမှုဘဝနှင့် လူမှုဝန်းကျင်များတွင် သက်ကြီးရွယ်အိုများ၏ ပါဝင်မှု၊ မျှဝေပေးမှု၊ ပူးပေါင်းဆောင်ရွက်ပေးမှုများကို အထူးသဖြင့် သက်ကြီးအမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုများကို အသိအမှတ်ပြုရန် မေ့လျော့ခြင်းနှင့် အလေးထားမှုမရှိကြောင်း ကမ္ဘာ့နိုင်ငံများတွင် တွေ့ရှိနေရပါသည်။

ထို့ကြောင့် ၂၀၂၂ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဆောင်ပုဒ်သည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ဖွဲ့သတ္တိခံနိုင်ရည်များဖြင့် ကျော်လွှားနေသော သက်ကြီးအမျိုးသမီးများ၏ အဓိပ္ပာယ်ပြည့်ဝလှသည့် အခန်းကဏ္ဍကို ထင်ဟပ်စေမှုနှင့် ဝိသေသလက္ခဏာတစ်ရပ်အနေဖြင့် မီးမောင်းထိုးပြခြင်းဖြစ်ပါသည်။ လူမှုစီးပွားဘဝဖွံ့ဖြိုး ရေးနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်စေရေး ဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းများတွင် သက်ကြီးအမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု၊ ပံ့ပိုးဖြည့်ဆည်းမှုများကို အသိအမှတ်ပြုခြင်းနှင့် ၎င်းတို့၏စကားသံများ၊ အမြင်များနှင့် လိုအပ်ချက်များအပေါ် အရေးတယူပြုပြီး အားပေးကူညီမှုရှိသည့် ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် ကမ္ဘာအဆင့် စိန်ခေါ်မှုများနှင့် ကမ္ဘာ့ကပ်ရောဂါဘေးများအား အပြည့်အဝတုံ့ပြန်ဖြေရှင်းနိုင်မှု လုပ်ငန်းစဉ်များအား မြှင့်တင်ခြင်းနှင့် ကောင်းမွန်ပြည့်စုံသောမူဝါဒများ ချမှတ်ရာ၌ အလွန်အရေးပါသော အကြောင်းအရာများ ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့သည် သက်ကြီးရွယ်အိုများ၏ ပါဝင်မှုကို အသိအမှတ်ပြုနိုင်ရန်အတွက် မူဝါဒဆိုင်ရာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေချိန်အတွင်း သက်ကြီးအမျိုးသမီးများ၏ စကားသံများအား လက်ခံယုံကြည်ပြီး ၎င်းတို့၏ခံနိုင်ရည်ရှိမှုနှင့် လူမှုဝန်းကျင်အား ထောက်ပံ့ကူညီနေမှုများကို ဖော်ထုတ်ပြသသွားရန် ရည်ရွယ်ထားခြင်းသည် သက်ကြီးရွယ်အိုများအတွက် အရေးတယူလုပ်ဆောင်ချက်တစ်ရပ် ဖော်ဆောင်ပြီး အခွင့်အလမ်းများ ပေါ်လာစေရန်ဖြစ်ပါသည်။

**ကျား/မ တန်းတူညီမျှမှုကို ချမှတ်ဖော်ဆောင်နိုင်ရန်**

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့၏ ရည်ရွယ်ချက်များအဖြစ် သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေးတို့တွင် ဘဝတစ်လျှောက်လုံး မညီမျှမှုများ တွေ့ကြုံခံစားရသော သက်ကြီးအမျိုးသမီးများ၏ ကြံ့ကြံ့ခံနိုင်ရည်ရှိမှုအား မီးမောင်းထိုးပြရန် အသက်အရွယ်နှင့် ကျား/မကွဲပြားမှုများနှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာအချက်အလက်ကောက်ယူခြင်း၏ အရေးပါမှုကို အသိပညာပေးမြှင့်တင်လာစေရန်၊ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာဖြစ်သော ဘုံလုပ်ငန်းစဉ် (Our Common Agenda) တွင် ဖော်ပြထားသည့်အတိုင်း ကျား/မ တန်းတူညီမျှမှုကို သေချာစေမည့် မူဝါဒချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်တိုင်းတွင် သက်ကြီးအမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအမျိုးသမီးအဖွဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်နိုင်ရန်အတွက် ဖြစ်ကြောင်း သိရပါသည်။



❒ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်စေရေး ဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများတွင် သက်ကြီးအမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု၊ ပံ့ပိုးဖြည့်ဆည်းမှုများကို အသိအမှတ်ပြုခြင်းနှင့် ၎င်းတို့၏စကားသံများ၊ အမြင်များနှင့် လိုအပ်ချက်များအပေါ် အရေးတယူပြုပြီး အားပေးကူညီမှုရှိသည့် ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် ကမ္ဘာအဆင့် စိန်ခေါ်မှုများနှင့် ကမ္ဘာ့ကပ်ရောဂါဘေးများအား အပြည့်အဝတုံ့ပြန်ဖြေရှင်းနိုင်မှု လုပ်ငန်းစဉ်များအား မြှင့်တင်ခြင်းနှင့် ကောင်းမွန်ပြည့်စုံသောမူဝါဒများ ချမှတ်ရာ၌ အလွန်အရေးပါသော အကြောင်းအရာများဖြစ်

မကြာသေးမီဆယ်စုနှစ်များအတွင်း၌ပင် ကမ္ဘာ့လူဦးရေသည် အံ့ဖွယ်ကောင်းအောင် တိုးပွားလာခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်များအတွင်း လူသားတို့၏ မျှော်မှန်းသက်တမ်းသည် ၄၆ နှစ် မှ ၆၈ နှစ်အထိ မြင့်တက်လာခဲ့ပါသည်။ တစ်ကမ္ဘာလုံးအနေဖြင့် ၂၀၁၉ ခုနှစ်တွင် အသက် ၆၅ နှစ်အထက် သက်ကြီးဦးရေ ၇၀၃ သန်းအထိရှိခဲ့ပါသည်။ အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသများရှိ သက်ကြီးရွယ်အိုဦးရေသည် အများဆုံးပမာဏ ၂၆၁ သန်းအထိ ရှိခဲ့ပြီး ယင်းနောက်တွင် ဥရောပနှင့် မြောက်အမေရိကတို့တွင် သန်းပေါင်း ၂၀၀ ကျော်အထိ ရှိခဲ့ပါသည်။ နောင်လာမည့် ဆယ်စုနှစ်သုံးခုအတွင်း လက်ရှိဦးရေထက် နှစ်ဆခန့် ပိုမိုလာမည်ဟု ခန့်မှန်းရပြီး ၂၀၅၀ ပြည့်နှစ်တွင် သန်း ၁၅၀၀ အထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားပါသည်။

အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသများတွင် ၂၀၁၉ ခုနှစ်မှ ၂၀၅၀ ပြည့်နှစ်အတွင်း ၂၆၁ သန်းမှ ၅၇၃ သန်းအထိ လည်းကောင်း၊ မြောက်အာဖရိကနှင့် အနောက်အာရှတို့တွင် ၂၉ သန်းမှ ၉၆ သန်းအထိ လည်းကောင်း၊ ဆာဟာရ-အာဖရိကနယ်မြေများတွင် ၃၂ သန်းမှ ၁၀၁ သန်းအထိ တိုးလာမည်ဟု ခန့်မှန်းထားပါသည်။

**သက်ကြီးရွယ်အိုတိုးပွားလာမှုမှာ နှစ်ဆခန့် မြင့်တက်လာဖွယ်ရှိ**

ကမ္ဘာ့နိုင်ငံများနည်းတူ ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့်လည်း သက်ကြီးရွယ်အိုတိုးပွားလာမှုမှာ သိသာစွာပြောင်းလဲလာကြောင်း တွေ့ရပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၆၀ အထက် အချိုးအဆမှာ ၈ ဒသမ ၉ ရာခိုင်နှုန်း ၄ ဒသမ ၅ သန်းခန့်ရှိကြောင်းနှင့် ၂၀၅၀ ပြည့်နှစ်တွင် ၂၀ ဒသမ ၂ ရာခိုင်နှုန်းအထိ နှစ်ဆခန့် မြင့်တက်လာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ကဏ္ဍအားလုံးတွင် သက်ကြီးရွယ်အိုအရေးကို ထည့်သွင်းလုပ်ဆောင်သွားရန် အရေးကြီးကြောင်း တွေ့လာရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူရမည့် အသက်ကို ၆၀ မှ ၆၂ နှစ်အထိ တိုးမြှင့်ပေးလိုက်ခြင်းသည်လည်း တိုးပွားလာသည့် သက်ကြီးရွယ်အိုများအရေးကို နည်းလမ်းတစ်ခုအဖြစ် ဖြေရှင်းခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် လူသားအရင်းအမြစ် ထိန်းသိမ်းရာလည်း ရောက်ပါသည်။

**လုပ်ငန်းများတွင် သက်ကြီးအဘိုးများနည်းတူ အဘွားများ ဦးဆောင်ပါဝင်လျက်ရှိ**

တိုးပွားလာသော သက်ကြီးရွယ်အိုများကို နိုင်ငံ့အကျိုးအတွက် မည်ကဲ့သို့ ရယူဆောင်ရွက်ရမည်ဆိုသည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် လူမှုဝန်ထမ်းဦးစီးဌာနသည် သက်ကြီးရွယ်အိုဆိုင်ရာ မူဝါဒရေးဆွဲခြင်း၊ သက်ကြီးရွယ်အိုဥပဒေကို ရေးဆွဲခြင်း၊ သက်ကြီးလူမှုရေးပင်စင်ကို လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အောက်မှ ဆောင်ရွက်ပေးခြင်း၊ စေတနာရှင်များ တည်ထောင်ထားပြီး အသိအမှတ်ပြုပြီးသော ဘိုးဘွားရိပ်သာများအား ထောက်ပံ့ခြင်းကို ဆောင်ရွက်ခြင်းနှင့် သက်ကြီးရွယ်အိုများကိုယ်တိုင် ဦးဆောင်ပြီး ထိခိုက်လွယ်အုပ်စုများဖြစ်သည့် မသန်စွမ်းသူများ၊ အခြားသောအုပ်စုများအား တက်ကြွစွာပါဝင်စေသော အဖွဲ့ပုံစံဖွဲ့စည်းထားသည့် လူမှုအားမာန်အဖွဲ့များ (Inclusive Self-Help Groups ISHGS)ကို ထောက်ပံ့ပေးသည့်လုပ်ငန်းများ ဖြစ်ပါသည်။ အဆိုပါအဖွဲ့၏ လုပ်ငန်းများတွင် သက်ကြီးအဘိုးများနည်းတူ အဘွားများလည်း ဦးဆောင်ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါအစီအစဉ်သည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများစောင့်ရှောက်ရေးအဖွဲ့တို့ ၂၀၀၉ ခုနှစ်ကစတင် အကောင်အထည်ဖော်ခဲ့သော သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ (Older People Self-Help Group- OPSHG) ပုံစံမှ အစပြုခဲ့ခြင်းဖြစ်ပြီး ကျေးရွာများအခြေခံသော အဖွဲ့တစ်ခုဖြစ်ပါသည်။ လှုပ်ရှားနိုင်သော၊ ပါဝင်ဆောင်ရွက်နိုင်သော သက်ကြီးရွယ်အိုများက မိမိဒေသအလိုက် အသေးစား ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်ပြီး ရရှိလာသော အကျိုးအမြတ်များကို သက်ကြီးရွယ်အိုအပါအဝင် ကျေးရွာရှိလိုအပ်သောနေရာများတွင် ထည့်ဝင်ဆောင်ရွက်ပေးသောအစီအစဉ် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် အဆိုပါအဖွဲ့ထဲ၌ အခြားသောထိခိုက်လွယ်အုပ်စုဖြစ်သည့် မသန်စွမ်းအုပ်စုများ၊ လူငယ်အဖွဲ့များ ထည့်သွင်းဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကျယ်ပြန့်သော လူမှုအသိုင်းအဝိုင်းကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**သက်ကြီးရွယ်အိုများနှင့် လူငယ်တို့၏ လုပ်အားပေါင်းစပ်ထား**

အဆိုပါလူမှုအားမာန်အဖွဲ့ (ISHG) အဖွဲ့ဝင် လူကြီးလူငယ်များ အပြန်အလှန် မှီခိုလုပ်ဆောင်ခြင်းဖြင့် သက်ကြီးသက်ငယ်များအကြား ပိုမိုနားလည်စေခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်စေပါသည်။ တစ်နည်းအားဖြင့် သက်ကြီးရွယ်အိုများ၏ အတွေ့အကြုံ ဗဟုသုတပညာရပ်များနှင့် လူငယ်တို့၏ လုပ်အားပေါင်းစပ်ထားသည့် ရပ်ရွာအကျိုးပြု ပုံစံတစ်ခု ဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

# ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး သတင်းနှင့် ပြန်ကြားရေးဆိုင်ရာသင်တန်း ဖွင့်လှစ်ပို့ချ



**နေပြည်တော် စက်တင်ဘာ ၂၈**

သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများအား သတင်းနည်းပညာဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေးစေရန်နှင့် ဌာနမှ ဆောင်ရွက်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များအား အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့သော သတင်းနှင့် ပြန်ကြားရေးဆိုင်ရာသင်တန်း ဆင်းပွဲကို အဆိုပါဝန်ကြီးဌာနရုံး၌ ယနေ့ မွန်းလွဲ ၃ နာရီက ကျင်းပသည်။

**သတင်းမှန်များထုတ်ပြန်နိုင်ရေး**

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက မိမိတို့ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ သတင်းမှန်များ ပြန်ကြားနိုင်ရေးနှင့် သတင်းတု၊ သတင်းမှားများကို လျင်မြန်စွာ တုံ့ပြန်ဖြေရှင်းနိုင်ရေး၊ အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး အတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**သင်ကြားပို့ချ**

အဆိုပါ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ သင်တန်းကို ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ သတင်းရေးသားခြင်းကို စိတ်ပါဝင်စားသည့် သင်တန်းသား ၂၇ ဦး တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **သတသ**

# အပူပိုင်းမုန်တိုင်း "နိုရူ" အရှိန်ကြောင့် နေရာကွက်မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခြင်းများ ဖြစ်ပေါ်နိုင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် သတိပြုနိုင်ရန်နှိုးဆော်

**နေပြည်တော် စက်တင်ဘာ ၂၈**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံပေါ်တွင် တည်ရှိနေသော အားကောင်းသော အပူပိုင်းမုန်တိုင်း "နိုရူ" သည် အပူပိုင်းမုန်တိုင်း"နိုရူ" အဖြစ်သို့ အားလျော့သွားခဲ့ပြီး လာအိုနိုင်ငံတောင်ပိုင်းတွင် ဆက်လက်တည်ရှိနေပါသည်။ အဆိုပါ အပူပိုင်းမုန်တိုင်း "နိုရူ"သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ထိုင်းနိုင်ငံပေါ်တွင် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရပါသည်။

**မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း ဖြစ်ပေါ်နိုင်**

အဆိုပါ အပူပိုင်းမုန်တိုင်း "နိုရူ" ၏ အရှိန်ကြောင့် ယနေ့ နေ့လယ်မှ အောက်တိုဘာ ၂ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့် အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

**မိုးသက်လေပြင်းကျပြီး လှိုင်းကြီးနိုင်**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်ပါသည်။

**ကြိုတင်သတိပြုရန်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**




# မအူချောင်းအတွင်း ငါးသားပေါက်များ စိုက်ထည့်

**ဒဂုံအရှေ့ စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးကြပ်၍ လေးထောင့်ကန် ငါးလုပ်ငန်းစခန်းတို့မှ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ထောင်တစ်လုံးပိုင် ဘဲတန်းတံတားအမှတ်(၇)လမ်းအနီး သဘာဝမြစ်ချောင်းဖြစ်သော မအူချောင်းအတွင်းသို့ ယနေ့ နံနက်ပိုင်းက ငါးသားပေါက်စိုက်ထည့်ပေးသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်နှင့် တာဝန်ရှိသူများက မအူချောင်းအတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက် ငါးသိန်းကို စိုက်ထည့်ပေးသည်။ **ဝင်းအိမွန်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဘိုးဘွားရိပ်သာ ၉၂ ခုအတွက် ဆန်ဖိုးငွေစားစရိတ်၊ ဝတ်စုံစရိတ်၊ ဂေဟာမှူးလစာများအတွက် ၃၁၄ ဒသမ ၁၁၂ သန်း၊ ISHG အဖွဲ့ဝင်တစ်ဖွဲ့လျှင် ၁၀ သိန်းနှုန်းဖြင့် ၂၂၂ သန်း၊ အသက် ၈၅ နှစ်အထက် ဘိုးဘွား ၂၃၂၇၀၃ ဦးကို ၁၄၀၇၅ ဒသမ ၀၁၀ သန်း ထောက်ပံ့ပေးလျက်ရှိပါသည်။ လက်ရှိတွင် ISHG အဖွဲ့ ၂၂၂ဖွဲ့ ဖွဲ့စည်းထားပြီး ၆၀၀ အထိ ဖွဲ့စည်းနိုင်ရန် စီစဉ်ထားသည်။

နိုင်ငံတော်အနေဖြင့် ထိုကဲ့သို့ တိုးပွားလာသော သက်ကြီးရွယ်အိုများအတွက် မူဝါဒများ၊ မဟာဗျူဟာများ၊ ဥပဒေ၊ နည်းဥပဒေအပြင် မြန်မာနိုင်ငံ၏ ဘဏ္ဍာငွေပေါ်မူတည်၍ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရသည်။

**သက်ကြီးအမျိုးသမီးများ၏ အခန်းကဏ္ဍကို မေ့ထား၍မရ**

သက်ကြီးရွယ်အိုအများစုမှာ ၎င်းတို့၏ စွမ်းရည်များ ကျန်ရှိနေသေးသည်ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးရေး၊ ဒေသရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွဲဆောင်ရွက်နေရမည့် လူ့စွမ်းအားအရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ နေ့စဉ်လူနေမှုဘဝတွင် သက်ကြီးအမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်း မေ့ထား၍မရပါ။ အိမ်ထောင်စုတွင်လည်းကောင်း၊ ရပ်ကွက်များတွင်လည်းကောင်း၊ အဖွဲ့အစည်းများတွင် လည်းကောင်း အသက်အရွယ်ကြီးရင့်သူများကို စွမ်းဆောင်နိုင်မှုမရှိဟု ထင်မြင်ကာ ပါဝင်ဆောင်ရွက်ခွင့်မပေးလိုကြပါ။ အထူးသဖြင့် သက်ကြီးအမျိုးသမီးများကို ပိုမိုခွဲခြားလေ့ရှိကြပြီး ပါဝင်ဆောင်ရွက်စေလိုခြင်းမရှိကြပါ။ သို့သော် ထိုသက်ကြီးအမျိုးသမီးများသည် သက်ဆိုင်ရာမိသားစု၊ ဒေသရပ်ရွာအကျိုးအတွက် ပါဝင်ဆောင်ရွက်နေမှုများ၊ ကြံ့ကြံ့ခံရပ်တည်နိုင်ရေး ကြိုးပမ်းနေမှုများကို အလေးမမူမိသည်ကို တွေ့ရပါသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာသော ရာသီဥတုဖောက်ပြန်မှုများ၊ သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုများကြောင့် ခံစားရသည့် လူမှုအခက်အခဲများ၊ ဘေးအန္တရာယ်များ၊ ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာရသည့် အခက်အခဲများကို ကျော်လွှားရာတွင် သက်ကြီးရွယ်အိုများ၏စွမ်းရည်ကို ရယူအသုံးချနိုင်ရေးနှင့်အခန်းကဏ္ဍကို သေချာထည့်သွင်းနေရာပေးဆောင်ရွက်ရန် လိုအပ်ပါသည်။

အိမ်ထောင်စုအလိုက် စီးပွားရေးလုပ်ငန်းများကအစ အိမ်ထောင်မှုထိန်းသိမ်းခြင်း၊ ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ နေ့စဉ်စားဝတ်နေရေးအတွက် စီမံခန့်ခွဲခြင်း အပါအဝင် အရေးပါသောလုပ်ငန်းများကို သက်ကြီးအမျိုးသမီးများ ဦးဆောင်ပါဝင် ဖြေရှင်းပေးလျက်ရှိနေသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဆောင်ပုဒ်သည် အဆိုပါသက်ကြီးအမျိုးသမီးများ၏ ကြံ့ကြံ့ခံနိုင်မှုနှင့် ကူညီပံ့ပိုးနိုင်မှုများကို မီးမောင်းထိုးပြခြင်း ဖြစ်ပါသည်။

**အဘိုးအဘွားများကို အလေးထားကြသည်မှာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်**

ကျွန်တော်တို့နိုင်ငံတွင် အဘိုးအဘွားများကို တန်ဖိုးထားအလေးထားကြသည်မှာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါသည်။ သို့သော် စေတနာဖြင့်လည်းကောင်း၊ စွမ်းဆောင်နိုင်ခြင်းမရှိဟု ထင်မြင်၍လည်းကောင်း ရပ်ရေးရွာရေးများနှင့် မိသားစုရေးရာများတွင် သက်ကြီးရွယ်အိုများ အထူးသဖြင့် သက်ကြီးအမျိုးသမီးများကို ပါဝင်ဆောင်ရွက်စေလိုခြင်း မရှိကြောင်း တွေ့ရပါသည်။ ထိုအခါ ဘေးဖယ်ကာ အပိုဖြစ်သွားပြီး ၎င်းတို့တွင် တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံ၊ ဗဟုသုတများ၊ စွမ်းဆောင်ရည်များကို လက်လွှတ်ဆုံးရှုံးကာ ခွဲခြားဆက်ဆံရာလည်း ရောက်မည်ဖြစ်ပါသည်။

သို့ပါ၍ ဒေသရပ်ရွာအကျိုး၊ မိသားစုအကျိုး ဆောင်ရွက်ကြရာတွင် သက်ကြီးသက်ငယ် အတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သက်ကြီးများ၏ ဆင်ခြင်တုံတရား၊ အတွေ့အကြုံကို လူငယ်တို့၏ စွမ်းအားများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပါက အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်တင်ပြရပါလျှင် မိသားစုအလိုက်၊ ဒေသရပ်ရွာအလိုက် တိုးပွားလာသော သက်ကြီးရွယ်အိုများအရေးကို အပြုသဘောဂုဏ်ဆောင်ရရှိရေး ဆောင်ရွက်ရမှာဖြစ်သကဲ့သို့ ယင်းအားတာဝန်တစ်ရပ်အဖြစ် ရယူရမည်ဖြစ်ပြီး တစ်နည်းအားဖြင့် ပါဝင်ဆောင်ရွက်ခွင့်ပေးခြင်း ဖြစ်ပါသည်။ သက်ကြီးအမျိုးသမီးများ၏ ဘဝတစ်လျှောက် မိသားစုအလိုက်၊ ဒေသရပ်ရွာအလိုက် ပေးဆပ်ခဲ့မှုများ၊ အမျိုးမျိုးသောအခက်အခဲများ ရင်ဆိုင်ကျော်လွှားပြီး ကြံ့ကြံ့ခံနိုင်မှုများကို အလေးထား အသိအမှတ်ပြုကြရင်း သက်ရွယ်စုံညီလူ့ဘောင်ဆီသို့ ချီတက်ကြပါစို့လို့ ပြောကြားအပ်ပါသည်။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လဟယ်မြို့နယ် ခေတ္တနာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်း၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးလှဝင်းနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ သာသနာ့ပါလ ဘုန်းတော်ကြီးကျောင်း ဆရာတော်ကြီးထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့်အခြားဘာသာရေးကျောင်းများသို့လည်း ဆွမ်း၊ ကွမ်း၊ အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးကို ဆက်လက်လှူဒါန်းပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ နန္ဒဝန်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာသုဗောဓာရုံပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရိုးဂိုးကျောင်းဟောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ရှင်မတောင်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကမဟာသစ္စာအောင်မြေကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ခေမာသီဝံကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ အောင်သီတာ ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဆုကြီးပန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သရက်ပင်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ပုသိမ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ဆုထူးပန်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဘုရားကြီး အနောက်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ရွှေပြည်အေးဝိပဿနာ ဓမ္မရိပ်သာတို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**




# "တူယှဉ်နွဲပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု (၈) ပွဲစဉ် (၅) ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော်ဂီတပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ် (၁၈) ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှ စတင်ပြီး အပတ်စဉ်သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီ ချိုပြုံး၊ စန္ဒရား မျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံ တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဉ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲ၏ အုပ်စု (၈) ပွဲစဉ်(၅) ကို စက်တင်ဘာ ၃၀ ရက် သောကြာနေ့ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ရခိုင်ပြည်နယ်မှ လင်းလင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ထူးခန့်၊ ကယားပြည်နယ်မှ မေသူ၊ နေပြည်တော်မှ ကျော်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီးမှ ကြည်ဖြူခင်၊ ချင်းပြည်နယ်မှ ဖြိုးမင်းပိုင်၊ ကရင်ပြည်နယ်မှ ချိုသဲဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ နှင်းပွင့်ဖြူနှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် စုစုပေါင်း ပြိုင်ပွဲဝင် ကိုးဦးတို့၏ ပြဋ္ဌာန်းတေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ ည ၈ နာရီသတင်းများအပြီးတွင် MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို အောက်တိုဘာ ၂ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတတိုးပွားစေရန်အပြင် ဇာတ်သဘင်ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈) ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် **တပေါ်စ (မြိုးမြ်ချွေတာခြင်း)** အစီအစဉ်ကို အောက်တိုဘာ ၁ ရက် စနေနေ့ ည ၉ နာရီခွဲခန့်တွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်မူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ အကယ်ဒမီ နွဲ့နွဲ့စန်း ဦးဆောင်ပြီး သော်သော်နန်းဝင်း (ရွှေနန်းသဘင်)၊ ထက်မြတ်အောင်၊ ရန်ရှင်းမောင်၊ ခတ်လင်း၊ မြတ်ရှုနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များ ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ ၅ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီသတင်းအပြီးတွင် ယင်းအစီအစဉ်ကို ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၈၅)ကို စက်တင်ဘာ ၃၀ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို စက်တင်ဘာ ၃၀၊ အောက်တိုဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲများကျင်းပ

**ပျဉ်းမနား**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၂၇ ရက်က ပျဉ်းမနားမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာစံထွန်းဝေ က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရုံးချုပ်) ပြည်သူ့ကျန်းမာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ အောင်ထွန်း က ခွေးရူးရောဂါ ကာကွယ်တားဆီးရေးအတွက် သိကောင်းစရာများ၊ လူတွင် ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါမဖြစ်အောင် ကာကွယ်သည့် နည်းလမ်းများ၊ လူတွင် ခွေးရူးရောဂါကာကွယ်ဆေး မဖြစ်မနေထိုးရမည့် အခြေအနေတို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ခွေးရူးပြန်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို မေးမြန်းရာ ကျောင်းသားကျောင်းသူများက ဖြေကြားခဲ့ပြီး ဆုရရှိသူများအား နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာအောင်ထွန်းက အမှတ်တရလက်ဆောင်များ ပေးအပ်ကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**သီရိ**

**လွိုင်ကော်**

စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်သည့် (၁၆)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ကယားပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းဦးက ခွေးရူးရောဂါနှင့်ပတ်သက်၍ ကူးစက်မှုနှင့် ကာကွယ်ရမည့်နည်းလမ်းများ ဟောပြောသည်။ ဆက်လက်၍ လွိုင်ကော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ တိုးညွန့်က ခွေးရူးရောဂါ ကာကွယ်တားဆီးရေး လက်ကမ်းစာစောင်များကို အခမ်းအနားသို့ တက်ရောက်လာသူများကို ဖြန့်ဝေပေးသည်။

အခမ်းအနား အပြီးတွင် လွိုင်ကော်မြို့ပေါ်ရှိ ခွေး ၂၇ ကောင်ကို ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့ပြီး ဆက်လက်၍ ကျန်ရှိသော ခွေးများအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုဇင်**
**(လွိုင်ကော်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၉-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ယုံကြည်စိတ်ချရဆုံးမဟာမိတ်မှသည် ဖွံ့ဖြိုးတိုးတက်မှုဆီသို့
- ၀၉:၁၀ NRC အစီအစဉ်
- ၀၉:၄၅ နလုံးကျန်းမာဖို့ အထူးအလေးပေးဆောင်ရွက်စို့
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွှင့်ပျံ့အမှန်း' (အပိုင်း-၁၂)
- ၁၃:၃၀ MRTV National News
- ၁၄:၄၅ မျိုးဝဏ်တင့်စေ ဆိုကရေးတီးအမွေ
- ၁၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၁၇:၁၀ Soccer View
- ၁၇:၃၀ လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၂၀ အသက်ထက်မြတ်သော ဝဏ္ဏသိက္ခာဆိုင်ပြောဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေမှု အစီအစဉ်(အပိုင်း-၂)
- ၁၉:၂၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၅၈)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဝဏ်ပြုဇာတ်လမ်း 'ရောင်စဉ်တန်းတို့ ထွန်းတောက်ချိန်' (အပိုင်း-၂)
- ၂၁:၄၅ (၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ဇာတ်တော်ကြီးပြိုင်ပွဲ "မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း" (ဒုတိယဆု)(စစ်ကိုင်းတိုင်းဒေသကြီး) (ဒုတိယပိုင်း)

### mitv

- 07:01 Evergreen Classic: Parami Taw (Hnin Hnin Htoo)
- 07:08 Shwedagon Buddha Museum
- 07:41 Ngapali, Unique Spot To Relax
- 08:01 News
- 08:26 Asia Updates: Beyond the Mountains (Life in Xinjiang) (P-4) Man & Nature
- 08:50 The Art of Sand Painting
- 09:01 Danu Food: Tofu Dish
- 09:09 Five-Star Ocean Liners in Myanmar Waters
- 09:25 Porcelain and Glass
- 09:31 Life of A Farmer
- 10:01 New
- 10:28 Myanmar Traditional Snacks: Shwe Hta Min

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကြယ်ကလေးများအတွက်ပုံပြင်

**ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ရာဇဂြိုလ်မြို့သို့အလည်တစ်ခေါက်

**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ယာခင်းသို့အလည်တစ်ခေါက်

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
အောင်မြင်ဖြစ်ထွန်းနေတဲ့မော်လမြိုင်ကျွဲကော

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၁)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ကြက်မွေးမြူရေးလုပ်ငန်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ခုနှစ်ရိုးရာခေါင်းပေါင်းပေါင်းနည်း

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားတိုင်းရင်းသားယဉ်ကျေးမှုနှင့် ကေးလျားကျေးရွာ

**ဝကြောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကန်းစွန်းရွက်နှင့်ကျန်းမာရေး

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ရွှေကရင်ရဲ့ပိန်းရွက်ခြောက်သုပ်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ နလုံးကျန်းမာဖို့ အထူးအလေးပေး ဆောင်ရွက်စို့
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာဝန်နှင့်ရှု'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်-၂
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၀၅ ဒေသနဲ့ကိုက်ညီတဲ့ စိုက်ပျိုးနည်း
- ၀၇:၃၅ တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူရေးဆီသို့
- ၀၉:၁၅ ကျန်းမာသုခဝင်ငွေရတဲ့ မိသားစုဘဝလေး တည်ထောင်စို့
- ၀၉:၃၅ ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ပဲမှုန့်မျိုးစုံ စားသုံးကြပါစို့

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ



ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် (၂၂၈) ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက အမှာစကားပြောကြားရာတွင် မိမိတို့ဖောင်ဒေးရှင်းသည် ပြည်သူများ ဗဟုသုတတိုးပွားစေရေးအတွက် စာကြည့်တိုက်များ တည်ထောင်ခြင်း၊ စာအုပ်စာစောင်များ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်နေသည့် လူမှုရေးအဖွဲ့အစည်းဖြစ်ကြောင်း၊ ပြည်သူများ အကျိုးရှိစေမည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားသည်။

အစည်းအဝေး တက်ရောက်ကြသည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၂၈

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ပိုင်ကျုံမြို့တွင် ၁ ဒသမ ၇၅ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ကျောက်ဆည်မြို့၊ ကော့ကရိတ်မြို့နှင့် ဆိပ်သာမြို့တို့တွင် ၁ ဒသမ ၃၇ လက်မစီ၊ ပုတောမြို့တွင် ၁ ဒသမ ၃၆ လက်မ၊ လပွတ္တာမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ မော်လမြိုင်ကျွန်းမြို့တွင် ၁ ဒသမ ၂၆ လက်မနှင့် ကျောက်ဖြူမြို့တွင် ၁ ဒသမ ၀၆ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၉ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၁၉၁၉၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၁၉၁၄၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၆၂၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၆၂၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၄၀ ကျပ် | ၂၅၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၂၅ ကျပ် | ၂၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၁၀ ကျပ် | ၂၁၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၈၅ ကျပ် | ၂၂၃၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၀၃ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၄၉ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၄ . ၆၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၅၀ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၃ . ၆၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၈၉ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၆၂၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၆၀၀ | ၂၇၁ | ၂၅၈၃၅၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၇၀၈၅ | ၂၅၀၅၁၇၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၀ | ၇၈၀၀၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၅ | ၁၀၂၅၀၀ |
| TMH | ၂၈၀၀ | ၂၇၅၀ | ၁၉၅ | ၅၃၆၅၀၀ |
| EFR | ၂၇၅၀ | ၂၇၅၀ | ၂၀၅ | ၅၅၈၇၅၀ |
| AHP | ၅၅၀၀ | ၅၃၀၀ | ၁၃၀၂ | ၆၉၀၂၄၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၆-၉-၂၀၂၂** ရက်နေ့မှ စတင်၍ **၂၂-၁၂-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၂ ရက် နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၂၉ ရက်နေ့အရောက် ကျောင်းသို့ ပို့ဆောင် ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့် အချိန်နှင့် အကျုံးဝင်သည့် အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

နန်းဝင်း ရေးသားပူဇော်သည့်
(၃၈) ဖြာ မင်္ဂလာ
တပေါ်စ (မြီးခြံချွေတာခြင်း)



တေးဂီတ - ရန်ကုန်ရှုပ်
အကယ်ဒမီ နွဲ့နွဲ့စန်း၊ သော်သော်နန်းဝင်း (ရွှေနန်းသဘင်)၊ ထက်မြတ်အောင်၊
ရန်ရှင်းမောင်၊ ခါတ်လင်း၊ မြတ်ရှုနှင့် သဘင်ပညာရှင်၊ အနုပညာရှင်များ ပါဝင်တင်ဆက်မှု
၁-၁၀-၂၀၂၂ (စနေနေ့)၊ ည (၉) နာရီခွဲ ခန့်
ON MRTV HD
အဆိုပါအစီအစဉ်အား ဗုဒ္ဓဟူးနေ့ ညနေ (၆) နာရီ သတင်းအပြီးတွင် ပြန်လည်ပြသပါမည်


# ကျောက်စိမ်းဥယျာဉ်ဖွင့်လှစ်ထားရှိကြောင်း အသိပေးကြေညာခြင်း

ကျောက်စိမ်းဥယျာဉ် (နေပြည်တော်)ကို အများပြည်သူများ အပန်းဖြေလေ့လာနိုင်ရန် ၂-၈-၂၀၂၂ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ လူကြီးတစ်ဦးလျှင် ကျပ် ၂၀၀၀၊ ကလေးတစ်ဦးလျှင် ကျပ် ၁၀၀၀၊ နိုင်ငံခြားသား တစ်ဦးလျှင် ကျပ် ၇၀၀၀ နှုန်းဖြင့် ဝင်ကြေးပေးသွင်းကာ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/4284 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/4965, Toyota Ractis SCP 100, Hatch Back (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူစင်မျိုးသန့် ၁၂/ဒဂန(နိုင်)၀၃၄၈၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/22888, TVS Rockz 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေဝင်း ၁၄/ပသန(နိုင်)၁၉၄၁၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/7534, Honda PCX 150 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင် ၁၄/ဝခမ(နိုင်)၀၀၈၅၂၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကညင်ငူရွာသစ်၊ ကညင်ငူအုပ်စုတွင်နေထိုင်သော ဦးတင်ထွေး-ဒေါ်တင်နုတို့၏သား အေးမင်းအောင် ၁၄/မအန(နိုင်)၁၄၆၉၁၉ သည် မိဘများ၏ ဆိုဆုံးမမှုကို လက်မခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ဘဲ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးတင်ထွေး ၁၄/မအန(နိုင်)၁၄၇၀၁၈-မိခင် ဒေါ်တင်နု**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၄၅၂) မြိုင်သာယာ(၉)လမ်းနေ ဦးသိန်းအောင် ၁၀/မလမ(နိုင်)၁၃၆၄၀၃၊ ဒေါ်စမ်းစမ်းမြ ၁၀/မလမ(နိုင်)၀၅၀၃၆၅ တို့၏ သားဖြစ်သူ မောင်သီဟနောင် ၁၀/မလမ(နိုင်)၂၃၃၈၁၇ သည် မိဘတို့အား ကိုယ်၊နှုတ်၊နှလုံးသုံးပါးတို့ဖြင့် အကြိမ်ကြိမ်အခါခါ ပြစ်မှားကျူးလွန်သည့်အတွက် ဆုံးမနားချတောင်းပန်သော်လည်း လက်မခံမနာခံပါသောကြောင့် သားကြီးအဖြစ်မှ တရားဝင်စွန့်လွှတ်ပါကြောင်း အသိပေးအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းအောင်+ဒေါ်စမ်းစမ်းမြ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်၅၊ နည်းဥပဒေ ၂၀)
## ဟားခါးမြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃

ဦးကျော်မျိုးဇော် နှင့် ၁။ ဦးဖွန်လိန်း
၂။ ဒေါ်ဒေါသ့်လဲင်ဆုန်
(တရားလို) (တရားပြိုင်များ)

ဟားခါးမြို့၊ ဈေးသစ်ရပ်နေ ဦးဖွန်လိန်းနှင့် ဒေါ်ဒေါသ့်လဲင်ဆုန်တို့ သိစေရမည်။

သင်တို့အပေါ် ဦးကျော်မျိုးဇော်က မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် (၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် အထက်ပါအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုစစ်ဆေးလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(အောင်ဘိုဘိုဇော်)**
**မြို့နယ်တရားသူကြီး**
**ဟားခါးမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အထက(သဲကုန်း) ကျောင်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ် Grade-6(A)မှ မောင်ဇင်မျိုးဆက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဗိုလ်ဗိုလ်ဦး ၇/သကန(နိုင်)၀၇၈၁၃၄ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နတ်မောက်မြို့နယ်၊ အိုင်ပေါက်ကုန်းအုပ်စု၊ လယ်ပြင်ကန်ကျေးရွာနေ မနှင်းနွယ်အေး ၈/နမန(နိုင်)၂၄၇၆၁၉ (အင်ကန် ကျေးရွာ အထက်တန်းကျောင်း)တက်ရောက်နေသူ၏ ဖခင်ဖြစ်သူ ဦးဝင်းစိုး(ခ)ဦးမိုးကောင်း ၈/နမန(နိုင်)၁၀၃၀၈၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျိုက်လတ်မြို့နယ်၊ ဒရင်ကောက်ကျေးရွာအုပ်စု၊ အထက(ခွဲ) ထရော်ဒေါင့်ကျောင်း (Grade-9)မှ မမေသဇင်၏ ဖခင်အမည်မှန်မှာ ဦးဖြိုးဝင်း ၁၄/ကလန(နိုင်)၁၅၈၇၀၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက (ပေချောင်းကြီး) Grade-10 မှ မခင်သစ္စာစိုး၏ ဖခင်အမည်မှန်မှာ ဦးသာဝင်းအောင် ၈/ပမန(နိုင်)၀၁၀၁၅၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန် (City Loft)၊ တိုက်အမှတ် CL7(A2)၊ အခန်းအမှတ် (၆၁၅)၊ Type(1Bedroom)၊ ဧရိယာ(၄၈၄) Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးရဲမြင့်စိုး ၁၀/မလမ(နိုင်)၀၁၉၁၇၇ ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မင်းစိုး**
**၇/ပမန(နိုင်)၁၀၃၆၈၉**
**ဖုန်း-၀၉-၉၅၄၃၂၈၂၁၈**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ်-၂၂၊ (၆)လွှာ၊ အခန်း (A)တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ လိပ်စာပါတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အကျိုးခံစားပိုင် ဆိုင်သူဆိုသော ဦးမင်းရဲမွန် ၁၂/ကမတ(နိုင်)၀၁၁၀၄၁ ဆိုသူမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာအေး ၁၂/လမန(နိုင်)၀၀၈၇၄၇အား အပြီး အပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများ ခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအား ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာဌေး**
**LL.B, Dip in Business Law, CBL, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၂၉)**
**အမှတ် (၃၈)၊ မြေညီ၊ နိဗ္ဗာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၀၃၃၇၉၊ ၀၉-၄၂၀၀၉၅၂၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁ တိုးချဲ့)၊ မြေကွက်အမှတ် (ဒီ-၇)ဟုခေါ်တွင်သော ဧရိယာ ၀ဒသမ၂၂၄ဧက၊ စတုရန်းပေ ၉၈၀၀ အကျယ်အဝန်း (၉၈ပေxပေ၁၀၀) အကျယ်ရှိ ဦးလှတင် (CE-၀၅၉၃၈၇) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်အခြမ်း အကျယ်အဝန်းပေ (၅၀x၁၀၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဝိစာရလမ်း၊ ၄၁ တိုးချဲ့ရပ်ကွက်၊ တော်ဝင်လုံးချင်းအိမ်ရာ၊ အမှတ် (ဒီ-၇)ဟု ခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီသီအောင် (ဘ)ဦးလှဌေး ၁၂/ဗဟန(နိုင်)၀၀၁၂၅၆မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက သဘောရိုးဖြင့် ယုံကြည်ပြီး အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဝင့်ဝါထွန်း**
**LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၀၄) (၈-၁-၂၀၂၀)**
**အမှတ် (၂၉၀/ခ)၊ ပတ္တမြားရတနာလမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၅၀၇၈၀**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 49(T)/DPTSC(PSD)/22-23 | ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်။ |
| ခ | 50(T)/DPTSC (PTP)/22-23 | ၂၃၀ ကေဗွီ အနောက်ပိုင်းတက္ကသိုလ် ဓာတ်အားခွဲရုံစီမံကိန်းအတွက် ပစ္စည်းများဝယ်ယူရန်။ |
| ဂ | 51(T)/DPTSC(PTP)/22-23 | ၆၆ ကေဗွီ(ရေကြည်-ဟသ်ာတ)-ဇလွန်ဓာတ်အားလိုင်း (၁၄)မိုင်နှင့် ဓာတ်အားခွဲရုံစီမံကိန်းအတွက် ပစ္စည်းများဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၁၂-၁၀-၂၀၂၂ရက်၊ ၁၄:၀၀ နာရီနောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moee.gov.mm)တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ပျောက်ဆုံးကြောင်း

Power Moto Company Limited မှ Release Order Notification (Declaration No-100136486111)၊ စာရွက်စာတမ်းမှာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖုန်း-၀၉-၉၇၇၄၂၈၀၀၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်မိုးအောင် ၉/မလန(နိုင်)၁၁၇၁၁၁၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၇၄၇၆၈၆၇

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မျိုးဦး ၉/တကန(နိုင်)၂၀၅၁၄၈၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၂၃၁၅၆၀၄

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သိန်းဇော် ၉/တကန(နိုင်)၂၀၅၀၆၀၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၆၈၄၆၄၇၉

## အမည်မှန်နှင့် ဖခင်အမည်မှန်

ရွှေကျင်မြို့နယ်၊ ကွမ်းဆိပ်ကျေးရွာနေ ဦးအောင်ဇင်မင်း ၇/ရကန(နိုင်)၀၅၀၀၉၀၏ အမည်မှန်မှာ ဦးအောင်တင်ဝင်းဖြစ်ပြီး မမေဇင်ဦး၊ မသင်းသင်းမွှေး၊ မောင်ရှိုင်းသူရတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်တင်ဝင်း ဖြစ်ပါကြောင်း။

**ဦးအောင်တင်ဝင်း**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/4632 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ် ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၃၀၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးဗထူး ၁၀/မဒန(နိုင်)၁၁၁၀၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

